
mgyoe.com

SAMPLE BOOK

ပန်းရွှေပြည် စာအုပ်တိုက်



ဆန်းထွန်း
(မန်းတက္ကသိုလ်)

# ရှင်နာဂသိန်
အပါအဝင်
# စာပေ ယဉ်ကျေးမှု ဆောင်းပါးများ

လူထုဂျာနယ်နှင့် လူထုသတင်းစာပါပြီး
'ရှင်နာဂသိန်' ဆောင်းပါးကိုပါ ဖြည့်ထားပါသည်။


mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်မှ မှာကြားနိုင်သော စာအုပ်များ

mgyoe.com SAMPLE BOOK




















mgyoe.com

mgyoe.com SAMPLE BOOK


တန်ဖိုး

၅၀၀၀ ကျပ်

●

အုပ်ရေ

၅၀၀ အုပ်

●

ပထမအကြိမ်

၂၀၂၂ ခုနှစ် ဇွန်လ

●

မျက်နှာဖုံး

ခိုင်ခိုင်

●

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)

ပန်းရွှေပြည်စာအုပ်တိုက်

၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ

ဦးဇေယျာဦး (၀၁၅၇၉)

Silver Sky Press ပုံနှိပ်တိုက်၊

အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

●

စာအုပ်ချုပ်

မင်းဇော်


mgyoe.com

mgyoe.com SAMPLE BOOK

ဆန်းထွန်း(မန်းတက္ကသိုလ်)

# ရှင်နာဂသိန်

အပါအဝင်

# စာပေ ယဉ်ကျေးမှုဆောင်းပါးများ

mgyoe.com

mgyoe.com SAMPLE BOOK

## ကျေးဇူးစကား ၁

ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)ရဲ့ အတွေးအမြင်ဆောင်းပါးတွေကို မိတ္တူကူး စုစည်းကာ စာအုပ်အဖြစ် ချုပ်ထားတဲ့ စာအုပ်ပိုင်ရှင် ဆရာဒေါက်တာအောင်ဇော်ကို အထူးကျေးဇူးတင်ရပါတယ်။

ဒေါက်တာအောင်ဇော်က ကျွန်တော့်ကိုပေးတဲ့ စာအုပ်အဖုံးအဖြူပေါ်မှာ 'ဆန်းထွန်း (မန်းတက္ကသိုလ်)၏ အတွေးအမြင်ဆောင်းပါးများ' ဆိုတဲ့စာတန်းကို ရွှေစာလုံးနင်းထားပြီး အသေအချာ ချုပ်ထားတာကို ကြည့်ရင် ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)နဲ့ ဆရာကြီးဆောင်းပါးများအပေါ် ဒေါက်တာအောင်ဇော်ရဲ့ အလေးထားမှုကိုလည်း ထင်ရှားစွာတွေ့ရပါတယ်။

ယခုပုံနှိပ်ထုတ်ဝေရာမှာ 'ရှင်နာဂသိန် အပါအဝင် စာပေယဉ်ကျေးမှု ဆောင်းပါးများ' လို့ပဲ ပြောင်းသုံးပါတယ်။

## ကျေးဇူးစကား ၂

ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)ရဲ့ အတွေးအမြင် စာစောင်ပါ ဆောင်းပါးတွေကို စာအုပ်ထုတ်မယ် ကြားတာနဲ့ ရပ်ဝေးတစ်နေရာကနေ အလေးတယူနဲ့ ဆရာကြီး ဆောင်းပါးတွေကိုပို့ပေးတဲ့ ဆရာကြီးဦးစောထွန်း(စောလူ)ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဆရာကြီးပို့ပေးတဲ့ ဆောင်းပါးတွေထဲက 'ရှင်နာဂသိန်' အခန်းဆက်ဆောင်းပါးရှည်ကြီးကို ယူသုံးလိုက်ပါတယ်။ လူထုသတင်းစာမှာပါပြီးတဲ့ ဆောင်းပါးတွေကို လူထုဂျာနယ်ထဲ ပြန်ဖော်ပြခဲ့တဲ့ ဆောင်းပါးတွေပါ။ အဲဒီတုန်းက ဆရာကြီးဟာ သာသနာ့ဘောင်ထဲမှာပဲ ရှိပြီး၊ 'ရှင်ဉာဏိသရဘွဲ့' နာမည်နဲ့ ရေးသားခဲ့ပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| * | ကျေးဇူးစကား ၁-၂ | ၄ |
| ၁။ | စေ့ငုဝေဖန်ခြင်း | ၇ |
| ၂။ | ကြည်ညိုဖွယ်ရာ ရာဇမာယာ | ၁၁ |
| ၃။ | သက်သေကြီး ၁၄ ပါး | ၁၅ |
| ၄။ | အမေး ၅ ထွေ၊ အဖြေ ၅ ခု | ၂၀ |
| ၅။ | စတုရင်္ဂဗလ | ၂၄ |
| ၆။ | လစ်လပ်ပေါ့လျော့မှု | ၂၉ |
| ၇။ | မယ်တော်မဒ္ဒီ | ၃၄ |
| ၈။ | နန္ဒယော်ဓာ | ၄၂ |
| ၉။ | ကျေးဇူးတစ်ချက် တစ်သက်မမေ့ | ၄၇ |
| ၁၀။ | ဘပဂါါမဏိ | ၅၃ |
| ၁၁။ | လှိုင်းမထသောရေပြင် | ၅၈ |
| ၁၂။ | မိမိနှင့် သူတစ်ပါး | ၆၃ |
| ၁၃။ | ရှည်လည်းမရှည်နှင့် တိုလည်းမတိုနှင့် | ၆၇ |
| ၁၄။ | ငါလို ရဟန္တာမဟုတ်တာ တစ်ခုပါပဲ | ၇၇ |
| ၁၅။ | သက်တော်ရှည်ပူဇော်ပွဲ | ၈၄ |
| ၁၆။ | ရှင်ဗာကုနှင့် ရှင်အာနန် | ၉၀ |
| ၁၇။ | အလိမ္မာ စာမှာရှိ | ၉၄ |
| ၁၈။ | အလွန်အကျူး | ၁၀၁ |
| ၁၉။ | ဉာဏသည်းခံကြီး | ၁၀၇ |
| ၂၀။ | ဘယသေနနှင့် သက်ရှည်နော်ရထာ | ၁၁၃ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၂၁။ | ဝါသနာနှင့် ကြက်သွန်ခင်းဆရာတော် | ၁၁၈ |
| ၂၂။ | ရှင်မဟာရဋ္ဌသာရ ကန်တော့ပန်း | ၁၂၄ |
| ၂၃။ | ဓမ္မစေတြ | ၁၃၀ |
| ၂၄။ | ဒိသာပါမောက်ထေရ်တက်ပေါက် | ၁၃၅ |
| ၂၅။ | မင်းကြီးမျက်နှာရှည် | ၁၄၀ |
| ၂၆။ | လမ်းမှားသောသူရဲကောင်း | ၁၄၅ |
| ၂၇။ | မောင်းထောင်ပဋ္ဌင်းငယ် | ၁၅၃ |
| ၂၈။ | ယိစင် | ၁၅၇ |
| ၂၉။ | မင်းခေါင်ငယ် | ၁၆၁ |
| ၃၀။ | ဗညားကျွန်းတော | ၁၆၆ |
| ၃၁။ | ကျော် ၄ ပါး | ၁၇၂ |
| ၃၂။ | ဉာဏသာဂရ | ၁၇၈ |
| ၃၃။ | အတုလယသဆရာတော် | ၁၈၄ |
| ၃၄။ | ဝဏ္ဏဓမ္မကျော်ထင် | ၁၉၁ |
| ၃၅။ | အဂ္ဂဓမ္မာလင်္ကာရ | ၁၉၅ |
| ၃၆။ | ဂဇဗလ | ၂၀၀ |
| ၃၇။ | သာမဏေကျော်ပညာသီဟ | ၂၀၆ |
| ၃၈။ | အလောင်းမင်းတရားကြီးဘုရား အာဏာစက်နှင့် သြဝါဒ | ၂၁၀ |
| ၃၉။ | မောင်မောက် မဟုတ်၊ သို့သော် မောက်မာသူ | ၂၁၄ |
| ၄၀။ | စာဆိုတော် ဉာဏဝရ | ၂၁၉ |
| ၄၁။ | ဆရာတော်ဦးမဏိ | ၂၂၆ |
| ၄၂။ | နေမျိုးဓမ္မကျော်သူ | ၂၃၁ |
| ၄၃။ | ဗိန္ဒာရာမ | ၂၃၇ |
| ၄၄။ | မင်းရာဇာ | ၂၄၃ |
| ၄၅။ | ရှင်ကရဝိက | ၂၄၇ |
| ၄၆။ | မုံတောဆရာတော် | ၂၅၄ |
| ၄၇။ | ရှင်နာဂသိန် | ၂၆၀ |


mgyoe.com

mgyoe.com SAMPLE BOOK



## စေ့ငုဝေဖန်ခြင်း

'ဘုရားရှင်လက်ထက်တော်က အကြောင်းအရာတစ်ခုပါ'-ဟု ဦးစွာ အစီရင်ခံပါရစေ။

မိဂသာလာခေါ်သော အမျိုးသမီးကြီး။ သူမ၏ ခင်ပွန်းနာမည်ကို မသိရပါ။ အနည်းငယ် ပြင်ပြောပါရစေ။ သူမကို အိမ်ထောင်ရှင်လား အလွတ်လား ဘာလား ညာလား အတိအကျ မသိရပါ။

သူမ၏ ချစ်စွာသော်အဘိုး ကွယ်လွန်ခဲ့ပါပြီ။ အဘိုးအမည် ဣသိဒတ္တ။

သူမ၏ ဖခင်လည်း ကွယ်လွန်ခဲ့ပါပြီ။ ဖခင်အမည် ပုရာဏ။

အဘိုး ဣသိဒတ္တသည် ရှာဓလေ့ရပ်ဓလေ့ ကာမဂုဏ်အငွေ့အသက်တွေကြားမှာပင် နေရင်းထိုင်ရင်း ကွယ်လွန်ပြီးနောက် တုသိတာနတ်ပြည် ရောက်သွားသည်။

ဖခင် ပုရာဏကား ရွာဓလေ့ရပ်ဓလေ့ ကာမဂုဏ်အငွေ့အသက်တွေကြားမှာ မနေတော့ဘဲ ဗြဟ္မစာရီတစ်ယောက်အနေဖြင့် နေရင်းထိုင်ရင်း ကွယ်လွန်ပြီးနောက် တုသိတာနတ်ပြည် ရောက်သွားသည်။

ဣသိဒတ္တကား သဒါရသန္တောသ၊ အဗြဟ္မစာရီ။

ပုရာဏကား ဗြဟ္မစာရီ။

သူတို့နှစ်ဦးမှာ အဗြဟ္မစာရီ, ဗြဟ္မစာရီအဖြစ် အသီးသီးကွဲပြား ခြားနားနေပါလျက် ထိုတုသိတာနတ်ပြည် အရောက်ခြင်း တူနေကြသည်။

နှစ်ဦးသား တုသိတာနတ်ပြည်ရောက်နေကြောင်း ဘုရားမြတ်စွာ ဟောပြောနေသည်ကို အမျိုးသမီးကြီးမိဂသာလာ ကြားသိနေရသည်။

mgyoe.com

မိဂသာလာသည် 'အဗြဟ္မစာရီ သူ့အတိုးလည်း တုသိတာနတ်ပြည်ရောက်နေသည်' ဆိုခြင်းကို ဘဝင်မကျ ဖြစ်နေသည်။

'ဗြဟ္မစာရီဖြစ်သော သူ့ဖခင် တုသိတာနတ်ပြည် ရောက်နေသည်' ဆိုခြင်းကိုတော့ သူမ ဘဝင်ကျနိုင်ပါသည်။

ထိုအခြေအနေမျိုး ရှိနေခိုက်၊ တစ်မနက်ခင်းတွင် ရှင်အာနန္ဒာကိုယ်တော်ဥပါသိကာမိဂသာလာအိမ်သို့ ဆွမ်းခံဝင်သည်။ မိဂသာလာသည် ဘာသာရေး၌ အချိုးကျပြီးသော အမျိုးသမီး ဖြစ်ပုံရပါသည်။

ခင်ကျင်းထားပြီးနေရာတွင် ရှင်အာနန္ဒာ ထိုင်နေတော်မူသောအခါ တင့်အပ်သောနေရာ၌ မိဂသာလာဒါယိကာမ ထိုင်၍ ရှိသေစွာ ရှိခိုးဝပ်တွားသည်။

မိဂသာလာ ဒါယိကာမသည် ရဲရဲတင်းတင်း ဒိုးဒိုးဒေါက်ဒေါက် လျှောက်လဲတတ် ပြောတတ်ဆိုတတ်ပုံ ရသည်။

"အရှင်ဘုရား အာနန္ဒာ။ တပည့်တော်မ အဘိုး ဣသိဒတ္တ၊ တပည့်တော်မ အဖပုရာဏတို့သည် တုသိတာနတ်ပြည် အတူတူရောက်နေကြောင်း ဘုရားမြတ်စွာ ဟောတော်မူနေတာကို တပည့် တော်မ ဘယ်လို နားလည်ရပါ့မလဲ။ အဘိုးက အဗြဟ္မစာရီ၊ အဖက ဗြဟ္မစာရီ။ တူမှ မတူကြဘဲ။ အတူအမျှ တုသိတာနတ်ပြည် ရောက်နေတယ် ဆိုတာ ဘယ်လို သဘောပါလဲဘုရား။"

ဤသို့လျှင် ရှင်အာနန္ဒာအား မိဂသာလာက ပွင့်ပွင့်လင်းလင်း လျှောက်ထားသည်။

ထိုအခါ ရှင်အာနန္ဒာက ဘုရားမြတ်စွာ ဤသို့ပင် ဟောပြောကြောင်းမျှသာ ပြန်ကြား၍ အကျယ်တဝင့် ရှင်းလင်းချက် မပေးခဲ့ပေ။

ထို့နောက် မိဂသာလာအိမ်မှ ရှင်အာနန္ဒာ ဆွမ်းအလှူခံပြီး ပြန်ကြွသည်။

ဆွမ်းကိစ္စ ပြီးစီးသောအခါ မိဂသာလာ လျှောက်ထားလိုက်သောအကြောင်းကို ရှင်အာနန္ဒာက ဘုရားမြတ်စွာအား ပြန်ကြားလျှောက်ထားသည်။

ထို့အခါ ဘုရားမြတ်စွာက "မိဂသာလာ ဘာနားလည်လို့လဲ၊ မိန်းမဉာဏ်နဲ့ တိုင်းပြီး ပြောနေတာ။ မိဂသာလာရဲ့အရာ မဟုတ်ဘူး။ ပုဂ္ဂိုလ်တွေအပေါ်မှာ ဘယ်လောက် အတိုင်းအတာရှိတယ်၊ ဘယ်လောက် အရည်အချင်းရှိတယ်၊ ဘယ်အဆင့် ရောက်ထိုက်တယ် ဆိုတဲ့ တွက်ချက်တိုင်းတာမှုတွေဟာ တွက်ချက်တိုင်းတာတဲ့ လူတွေ

mgyoe.com SAMPLE BOOK


ကို အင်မတန် ဒုက္ခပေးတတ်တယ်။

''ဘယ်ပုဂ္ဂိုလ်ဟာ ဘယ်အဆင့်၊ ဘယ်အခြေ၊ ဘယ်အနေအထားမှာ ရှိနိုင်တယ်ဆိုတာ ငါဘုရား၊ ငါဘုရားနှင့် အလားတူပုဂ္ဂိုလ်မှ အဆုံးအဖြတ်ပေးနိုင်တယ်။''
စသည်ဖြင့် ပုဂ္ဂိုလ် ၆ ပါး ခွဲခြား၍ ဟောကြားတော်မူခဲ့ပါသည်။

၁-၂။ ကိုယ်ကျင့်မစောင်း၊ ပင်ကိုကောင်း၍
အပေါင်းလည်းဆုံ၊ တည်တံ့သောမူ
အတူတူတည့်။
ရှင်လူမျိုးစား၊ မကွဲပြားလည်း၊
တရားမရှု၊ တရားရှုဟု၊
နှစ်ခုမှုလွဲ၊ မတူကွဲသော်၊
ကွဲလွဲကျိုးသွား၊ နှစ်မျိုးပြားကို၊
ဘုရားနီးပါး၊ ပုဂ္ဂိုလ်များနှင့်၊
ဘုရားမှသာ သိနိုင်ရာ၏။

၃-၄။ ကောဓ-မာန၊ သဘာဝမှာ၊
လောဘစွန်းထွက်၊ ပစ္စည်းမက်သည်၊
အချက်မှုအား၊ တူမပြားလည်း၊
တရားမရှု၊ တရားရှုဟု၊
နှစ်ခုမှုလွဲ၊ မတူကွဲသော်၊
ကွဲလွဲကျိုးသွား၊ နှစ်မျိုးပြားကို၊
ဘုရားနီးပါး၊ ပုဂ္ဂိုလ်များနှင့်၊
ဘုရားမှသာ သိနိုင်ရာ၏။

၅-၆။ ကောဓ-မာန၊ သဘာဝမှာ၊
ပိယဝါစာ၊ လူတကာအား၊
ပျူငှာစကား၊ ပြောကြားသွက်လက်၊
ခြွေရံမက်သည်၊ အချက်မှုကား၊
တူမပြားလည်း၊ တရားမရှု၊

mgyoe.com

တရားရှုဟု၊ နှစ်ခုမှုလွဲ၊
မတူကွဲသော်၊ ကွဲလွဲကျိုးသွား၊
နှစ်မျိုးပြားကို၊ ဘုရားနီးပါး၊
ပုဂ္ဂိုလ်များနှင့်၊ ဘုရားမှသာ သိနိုင်၏။
ပုဂ္ဂိုလ် ၆ မျိုး ရှိသည်။

၁- ပထမပုဂ္ဂိုလ်ကား ပင်ကိုကောင်းသည်၊ ကိုယ်ကျင့်သီလ ကောင်းသည်၊ သို့သော် တိုးတက်ကျင့်ဆောင်ခြင်း မရှိ။
၂- ဒုတိယပုဂ္ဂိုလ်ကား ပင်ကိုကောင်းသည်၊ ကိုယ့်ကျင့်သီလကောင်းသည်၊ တိုးတက်ကျင့်ဆောင်ခြင်းလည်း ရှိသည်။
၃- တတိယပုဂ္ဂိုလ်ကား ဒေါသအားကြီးသည်၊ မာနကြီးသည်၊ လောဘစွန်းထွက် ပစ္စည်းမက်သည်၊ တိုးတက်ကျင့်ဆောင်ခြင်းလည်း မရှိ။
၄- စတုတ္ထပုဂ္ဂိုလ်ကား ဒေါသအားကြီးသည်၊ မာနကြီးသည်၊ လောဘစွန်းထွက် ပစ္စည်းမက်သည်။ သို့သော် တိုးတက်ကျင့်ဆောင်သည်။
၅- ပဉ္စမပုဂ္ဂိုလ်ကား ဒေါသအားကြီးသည်၊ မာနကြီးသည်၊ ပျူငှာလောကွတ် နှုတ်ထွက်စကားကောင်းသည်၊ တိုးတက်ကျင့်ဆောင်ခြင်း မရှိ။
၆- ဆဋ္ဌမပုဂ္ဂိုလ်ကား ဒေါသအားကြီးသည်၊ မာနကြီးသည်၊ ပျူငှာလောကွတ် နှုတ်ထွက်စကား ကောင်းသည်၊ တိုးတက်ကျင့်ဆောင်သည်။

ဤပုဂ္ဂိုလ် ၆ မျိုးကို ဘုရားမြတ်စွာ ဟောသည်မှာ ဘယ်အရာမှာမဆို မတူသင့်-တူသင့်ချင့်ချိန်တတ်သော အခြေခံကို များများကြီး ရစေလိုသောကြောင့် ဖြစ်ရာ ထိုက်မထိုက်၊ တန်-မတန် ဝေဖန်ဆုံးဖြတ်မှု လွယ်လွယ်မပြုဘဲ စေ့ငုပြီးမှ ဆက်လက် ဆောင်ရွက်ရသည်။

အတွေးအမြင်။ ၁၉၈၄- အောက်တိုဘာ။

mgyoe.com

mgyoe.com SAMPLE BOOK



## ကြည်ညိုဖွယ် ရာဇမာယာ

'ထိန်ကျော်ဟိုး၊ သတိုးဖျား'
သက္ကရာဇ် ၇၂၆ ခု-သတိုးမင်းဖျား နန်းတက်သည်။

'တကားနော၊ စော်ကဲမှတ်'
သက္ကရာဇ် ၇၂၉ ခု-မင်းကြီး စွာစော်ကဲ နန်းတက်သည်။

'တပ်သာချ၊ တရဖျား'
သက္ကရာဇ် ၇၆၂ ခု-တရဖျား နန်းတက်သည်။

'နှစ်မခြားခင်၊ မင်းခေါင်းကြီး'
သက္ကရာဇ် ၇၆၂ ခု-မင်းခေါင်းကြီး နန်းတက်သည်။

မင်းကြီးမင်းခေါင်လက်ထက် ငခင်ညိုကား တောင်ငူတွင် ကျေးစားလစ်လပ်၍ များစွာသော အလုံးအရင်း,ဆင်,မြင်းနှင့်တကွ တောင်ငူကို စားရလေပြီ။ သခင်ဘကား သင်းပင်းကျေးမက် မလစ်လပ်သောကြောင့် မစားရ။

အခါတစ်ပါးသော် ညဥ့်အခါ၌ မင်းကြီးမင်းခေါင် နန်းကြမ်းပြင်ဝယ် စကုဗျပ်သီတာဆန်ကို ချက်ထားသောထမင်းကို စားတော်ခေါ်သောကြောင့် စကားစပ်၍ ဆိုကြ၏။

"လယ်ယာအခြောက်တွင်လည်း ပင်လယ်၊ လယ်ယာအစွတ်တွင်လည်း စကု။ ကောင်းကြသည် ဆိုကြ၏။"

mgyoe.com

ဘဝရှင်မင်းခေါင်လည်း ပြက်ရယ်စကားဆိုတော်မူလျက် ''စကု လပ်ပါမူ ခေင်ဘကို ပေးရမည်။''-ဟု မိန့်တော်မူ၏။ ခေင်ဘလည်း ''သံတော်ဦးတင်ပါသည် ဘုရား။''-ဟု လျှောက်၏။

မျှားမကြာမီပင် စကုလပ်လေသတည်း။ ခေင်ဘကလည်း ငွေ ၁၀၀ ချေး၍ လှော်ကားအိမ်ဆောင်ကို ပြင်၏။

အို-ခေင်ဘ။ လျင်လှ သွက်လှပါတကား။

နံနက်ခင်း စကုသို့ ခရီးထွက်ခါနီးတွင် ခေင်ဘ ကြေးစည်စမ်း၏။

''အဘယ်စည်နည်း။''-ဟု မင်းကြီးမင်းခေါင် မေးတော်မူ၏။

''ကျွန်တော် ခေင်ဘအား စကုတို့ သနားတော်မူသည်ဟု ကြားရ၍ ကျေးစား တက်မည်ပြင်ဆင်ကာ ကြေးစည်းစမ်းသည်ဘုရား။''-ဟု အတွင်းနေက နားတော် လျှောက်၏။

ထိုစကားကို မင်းကြီးမင်းခေါင်ကြားလတ်သော်

''စကုလပ်ပါမူ ခေင်ဘကို ပေးရမည်-ဟု ငါဆိုမိ၏။ ထိုစကားကို သူခပ်သိမ်း ကြားရုံမျှပင် အရှက်ရစနိုး၏။ (ရှက်ဖွယ်ကောင်းသည်ဟု ငါထင်၏)။ ပညာရှိသဘောကား ပွဲအလယ်ဝယ် တစ်ခွန်းတည်းသော စကားကိုမျှ အဆိုအမိန့် မသင့်ချေသော် အထောင် အရာ (ထောင်နှင့်ရာနှင့်ချီ၍) ရှုံးသည်နှင့် တူ၏။''-ဟု မိန့်တော်မူ၏။

မင်းကြီးမင်းခေါင်လည်း မင်းတကာတို့တွင် အလွန်ပညာရှိသည် ဖြစ်သော ကြောင့် သူတကာတို့ အပြစ် ဆိုအံ့သည်ကို သေအံ့သောဘေးမှ ကြောက်သကဲ့သို့ အလွန် ကြောက်ရှက်စွာ၏။

လူတို့ဝယ် စည်းစိမ်ချမ်းသာ ဥစ္စာသော် တစ်မူကား ကြီးကျယ်များပြားလတ္တံ့။ ပညာရှိသူတို့ အချီးမွမ်းကိုကား ခံရခဲ၏။

ဘဝရှင်မင်းခေါင်လည်း 'မင်းအဖြစ်ကိုကား ရပြီ။ ပညာရှိတို့ ချီးမွမ်းခြင်းကို ခံလိုသည်။' ဆိုစမှတ်ပြု၏။

မင်းခေါင်လည်း ''ခေင်ဘကို ခေါ်ချေ။ သင်းကို ငါ-စကုကို မပေးတကား။'' -ဟု ဆိုတော်မူ၍ ခေါ်ပြန်စေ၏။

ခေင်ဘလည်း အလျင်အမြန်လာလတ်၍၊ ဘဝရှင်ရှေ့တော်ဝယ် ပုဆစ်တုပ်၍ နေ၏။

mgyoe.com

မင်းခေါင်လည်း အဘိုးရာဇာ,တွင်းသင်းမှူး မဟာ,ဆင်ကဲ မင်းသိင်္ခသူတို့ကို ခေါ်စေပြီးသော် တိုင်တန်းတော်မူ၏။

တိုင်တန်းသောအလိုတော်မူကား-ပညာရှိတို့ အပြစ်တင်အံ့သည်ကို အကြောင်း ပြု၍ တိုင်တန်းတော်မူသတည်း။ မင်းကြီးမင်းခေါင် အလိုတော်ကား-သူတကာတို့ မကဲ့ရဲ့တပြီးကား (မကဲ့ရဲ့ဘူးဆိုလျှင်) စကုထက်သာသော ကျေးကိုသော်လည်း ရစေ ချင်သတည်း။

မင်းကြီးမင်းခေါင်သည် "အဘိုးရာဇာ။ ငခင်ဘသည် သင်းတွင် ၄-၅ယောက် မျှသောကျွန် မရှိဘဲလျက် 'စကုကို စားမည်'ဟု ဆိုသည်။ ဆိုရာသလော။"-ဟု မိန့် တော်မူ၏။ ဤသို့ မိန့်တော်မူလတ်သော်... ငခင်ဘကား အင်္ကျီလက်အုပ်ကို မျက်နှာ ဖုံးပြု၍ငိုလျက် လျှောက်တင်၏။

"အရှင်ဘဝရှင်ကား ရောင်းရင်းဘော် ရောင်းရင်းဘက် ဆင်းရဲဘက်ဖြစ်ပါ သော ကျွန်တော်ရင်းကို သူကောင်းမပြုလိုသော် နေတော်မူပါတော့။ 'စကုလပ်သော် စားလေတော့။'ဟု ဆိုသောကြောင့် ငွေ ၁၀၀ ချေး၍ ကံကျွေးလေ့တက် ပြင်ပါသည်။ ယခု ကြွေးတင်ခဲ့ပြီ။ 'ရေမွန်းသောသူကို ဆယ်ကား မဆယ်၊ ထိုး၀ါးနှင့် နှစ်ပြန်သော' ဟူသကဲ့သို့ ပြုလေဘိသည်။"-ဟူ၍ဆိုလျက် ငို၏။

မင်းကြီးမင်းခေါင်လည်း ငခင်ဘဆိုသောစကားကို ကြားလျှင် ရှေးကကျေးဇူး ကို အောက်မေ့တော်မူ၍ မျက်ရည်ရှိမ်းရှိမ်း မျက်တောင်ခတ်လျက် နေတော်မူ၏။

မင်းကြီးမင်းခေါင်၏ အသွင်အပြင်ကို အဘိုးရာဇာ မြင်လတ်သော်၊

"အရှင်သား။ ကျွန်တော် ငခင်ဘကို 'ပေးမည်'ဟု မိန့်တော်မူပြီးသော် ကား- အရှင်မင်းတို့၏စကား, ဘုရားသခင်တို့၏စကား ဟူသည် နှစ်ခွန်း မရှိရာ။"- ဟူ၍ နားတော်လျှောက်၏။

မင်းကြီးမင်းခေါင်လည်း

"အဘိုးရာဇာ။ သင်း၀ယ် ဉာဏ်အရာဌာနမရှိဘဲလျက် (အရည်အချင်း မရှိဘဲလျက်) ပြုလုပ်ရာပြုလျှင် အဘယ်သို့ ထိုက်တန်အံ့နည်း။"-ဟု ဆိုတော်မူ၏။

"အရှင့်သားတွင် ရောင်းရင်းဘော်ဖြစ်သော ကျေးဇူးသည်လျှင် ဉာဏ်အရာဌာန (အရည်အချင်း) မည်လေ၏။" ဟု အဘိုးရာဇာ နားတော်လျှောက်ပေ၏။

မင်းကြီးမင်းခေါင်လည်း "ငါသော်ကား မပေး။ အဘိုးရာဇာ 'ပေးကောင်း၏'

ဟူကလျှင် ရစေကာမူ။''-(အဘိုးရာဇာက ပေးဖို့ကောင်းသည်ဆိုလျှင် ရပါစေတော့။) ဟု မိန့်တော်မူ၏။

မင်းကြီးမင်းခေါင်လည်း ငခင်ဘ စကုကိုစားရပြီးသော် ဝမ်းမြောက်တော်မူလှ၏။ သို့သော်ထိုသို့ ဝမ်းမြောက်ဟန်ကို ဖော်ပြချေမှုကား၊ မျှုးတော် မတ်တော်တို့ ဝမ်းနည်းအံ့သည်။ ငခင်ဘလည်း မာန်စောင်တက်အံ့သည်ကို အကြောင်းပြု၍ ဝမ်းသာကြောင်းကို ပြတော်မမူ။

လခွဲရှိမှ မင်းရာဇာကို စလွယ် ပေးတော်မူ၏။

ငခင်ဘကို ''နင့်အား စကုကို ငါမပေး။ အဘိုးရာဇာ ပေးလေသည်။ နင်က အဘိုးရာဇာကို ပူဇော်ပေ။''-မိန့်တော်မူသောကြောင့် ရွာတစ်ရွာ ပူဇော်၏။

ရောင်းရင်းတူကွ၊ ငယ်ကပျော်ပါး၊
ကစားကြခြင်း၊ ရိုးရင်းမကွေ၊
ကြီးမိတ်ဆွေတည်း။

ပေါ်ရာဇာကထာ လင်္ကာသစ်

အတွေးအမြင်။ ၁၉၈၄- ဒီဇင်ဘာ။

mgyoe.com

mgyoe.com SAMPLE BOOK


## သက်သေကြီး ၁၄ ပါး

လူသားတို့၏ အကျင့်စာရိတ္တကို လူသားအချင်းချင်း အမှန်အတိုင်း မမြင်နိုင်ကြပေ။ မမြင်နိုင်အောင်လည်း နည်းအမျိုးမျိုး အတတ်ပညာအမျိုးမျိုးဖြင့် ဖုံးအုပ်ထားတတ်ကြသည်။ မစင်ကို မြက်, အမှိုက်, မြေကြီး, ဖွဲပြာ စသည်ဖြင့် ဖုံးထားသကဲ့သို့ ဖုံးထားတတ်ကြသည်။

လူတို့သည် 'ငါပြုသောအမှုကို တစ်စုံတစ်ယောက် မသိ။ ပိပိရိရိ ရှိလှပေသည်။'-ဟု စိတ်ချကာ အလိမ္မာကို ရေလဲနှင့်သုံးကာ တွင်တွင်ယုတ်မာမြဲ ယုတ်မာနေကြသည်။

တရားရုံးတော်များတွင် လူတစ်ယောက်အကြောင်းကို အခြားလူတစ်ယောက်က ကောင်းသည်၊ သို့မဟုတ်-ဆိုးသည်ဟု သက်သေခံတတ်သည်။ ထိုသက်သေကိုလည်း 'တရားသောသက်သေ' ဟု မုချ မယုံကြည်သာ။ 'မတရားသက်သေ'.လည်း ဖြစ်ချင် ဖြစ်နေတတ်သည်။

သို့သော်ဘယ်သောအခါမျှ မတရားသက်သေ မလိုက်သော အလွန်တော်တည့်မှန်ကန်သော သက်သေကြီး ၁၄ ဦး ရှိသည်။

ထိုသက်သေကြီး ၁၄ ဦးကား လူသားတို့ အကျင့်စာရိတ္တကို အမှန်အတိုင်း သက်သေခံရုံသာမက၊ တရားရှင်, တရားပိုင်, တရားသူကြီးအားဖြင့်လည်း တရားမှန်ကျအောင် စီရင်တတ်ကြသည်။

mgyoe.com

**သက်သေကြီး ၁၄ ဦးသော်ကား**

၁- **နေမင်း ။** ။ နေမင်းကြီးကား သူကိုယ်တိုင်လည်း အမြင်သန်သည့်ပြင်၊ အခြားသော သတ္တဝါများအားလည်း အမြင်သန်အောင် မျက်စိ တပ်ပေးတတ်သည်။ ၄ ကျွန်းအတွင်း မင်းဆုံးဂြိုဟ်လည်း ဖြစ်သည်။ ရွှေရောင်ဝင်းပလျက် လင်းလင်းလက်လက်သော ရောင်ခြည်အထောင်ကိုလည်း ဆောင်သည်။ ကမ္ဘာကိုလည်း အလင်းဖြန့်ဝေသည်။ ထို့ကြောင့်-နေမင်းအား အလောင်းတော်ဥဒေါင်းမင်းကိုယ်တိုင် ရှိခိုးခဲ့ဖူးသည်။ နေကြောင့် သစ်ပင်အမျိုးမျိုး ရှင်သန်သည်။ နေမင်းကြောင့် ကျွန်တော်မျိုး တိရစ္ဆာန်အထွေထွေ အသက်မသေ ရှိကြသည်။ နေမင်းဆွေကြောင့် အဆွေတော် ကျွန်တော်မျိုး လူသားအများ သက်တော်ရာကျော် ရှည်ကြသည်။ နေမင်းသည် သစ်ပင်, တိရစ္ဆာန်နှင့် လူသားတို့၏ အကျိုးတော်ဆောင်ကြီး ဖြစ်သည်။ သို့သော်-လူသားတို့အကြောင်းကိုလည်း ကောင်းကောင်းကြီး သိထားသဖြင့် တစ်ခါသ၌ နေ ၇-ဆူ၊ သို့မဟုတ် နေ ၁၂-ဆူ ထွက်ခြင်းအားဖြင့် တျင်းတျင်းစင်အောင် အပြောင်တိုက်ပစ် လိုက်လေတော့သလော။

၂- **လမင်း ။** ။ လမင်းကြီးကား အေးမြသော ရောင်ခြည်ဖြင့် လောကဓာတ်အား ဘိသိက်သွန်းသည်။ လမင်းသည် လူအများ၏အလိုဆန္ဒကို စကတည်းက လိုက်လျောလျက် ထွက်ပေါ်ခဲ့သည်။ အခြွေအရံငယ်သားများအား အခွင့်အရေး ပေးတတ်သည်။ လမင်းသည် ဂြိုဟ်ဖြစ်သော်လည်း နက္ခတ်တာရာ အခြွေအရံများနှင့် တင့်တယ်စွာ ထွက်ပေါ်မြဲ ဖြစ်သည်။

အရောင်ကို တစ်စတစ်စ တိုးတက်လာစေခြင်းဖြင့် ကြီးပွားတိုးတက်မှု၏ မှန်ကန်သောလမ်းစဉ်ကို ချပေးတတ်သည်။ 'အားပြည့်လာသောအခါ ဘာမဆို ဆောင်ရွက်နိုင်သည်'-ဟူသော ညွှန်ကြားချက် သင်ခန်းစာကို ပေးလျက်၊ သမုဒ္ဒရာရေပြင်ကိုပင် ပွတက်လာအောင် ဆွဲတင်ပြသည်။ ထိုလမင်းသည် လူသတ္တဝါတို့၏အကြောင်းအကောင်း-အဆိုးကို အမှန်အတိုင်း သိသည်။ လူသားတို့၏ ဆန်းသောသဘော, ဆုတ်သောသဘော, ကောင်းသောသဘော, ဆိုးသောသဘောကို သက်သေခံသည်။ ထို့ကြောင့်ပေလောမသိ။ လသည် ဆန်းတုံဆုတ်တုံ တလုံလဲလဲ ပေါ်မြဲငုပ်မြဲ သဘောရှိသတည်း။

mgyoe.com

၃- လေ ။ ။ လေသည် ကမ္ဘာကြီး၏ အခြေခံဓာတ်ကြီး ၄ ပါးအနက် ၁ ပါး ဖြစ်သည်။ မဟာဘုတ်ကြီး ၄ ပါးအနက် မဟာဘုတ် ၁ ပါးဖြစ်သည်။ လေကြောင့် အသက်ရှင်သည်။ လေမရှိလျှင် အသက် မရှင်နိုင်။ ကုန်ကုန်ဆိုရသော် လေပင် အသက်၊ အသက်သည်ပင် လေ။ ရုပ်သေးရုပ်, ရုပ်ကြီးရုပ်, ကြိုးဆွဲရုပ်တို့သည် ဆိုင်ရာဆိုင်ရာ ကြိုးတို့ကြောင့် ရိုးရိုးရွရွ လှုပ်ရှားလာကြသကဲ့သို့၊ အရာဝတ္ထုနှင့် သက်ရှိတို့၏ လှုပ်ရှားလျားမှုမှာလည်း လေကြောင့်သာ ဖြစ်သည်။ လေသည် သက်ရှိသက်မဲ့တို့၏ အကျိုးတော်ဆောင်ကြီး ဖြစ်သည်။ သို့သော်-လေသည် သူလျှိုတမန်အလား လူသားတို့၏ အကွင်းကျကျ ယုတ်မာသောသဘောကို နှိုက်နှိုက်ကျွတ်ကျွတ် သိထားသောကြောင့် လော မပြောတတ်။ တစ်ခါသ၌ ဝေဟပ္ပိုလ်အောက်ဘုံတစ်လျှောက် ပျောက်ပျက်ကြေမွသွားအောင် ဖျက်ဆီးပစ်လိုက်ခြင်းဖြင့် လူတို့အကြောင်းကို ကောင်းကောင်းကြီး သက်သေခံလိုက်သည်။ လေမုန်တိုင်းဆင်၍ အကြိမ်ကြိမ် သက်သေခံသည်လည်း ရှိသည်။ ဘေးဒဏ်ဖြင့် အန္တရာယ်အမျိုးမျိုး ဆိုက်ရောက်စေကာ အကြိမ်ကြိမ် စီရင်ချက်ချလိုက်သည်လည်း ရှိသည်။

၄- မီး ။ ။ မီးသည် ကမ္ဘာကြီး၏ အခြေခံဓာတ်ကြီး ၄-ပါးအနက် ၁-ပါးဖြစ်သည်။ မဟာဘုတ်ကြီး ၄-ပါးအနက် မဟာဘုတ် ၁-ပါးဖြစ်သည်။ မီးကြောင့် အသက်ရှင်သည်။ 'ဥသ္မာ' ခေါ် ကိုယ်စောင့်ဓာတ်သည် မီးဓာတ်တစ်ခုပင် မဟုတ်လော။ မီးတောက်ငြိမ်းလျှင် အသက်ငြိမ်းတော့သည်။

မီးကြောင့် စားသောက်အပ်သော အစာရေစာကြေကျက်သည်။ 'ပါစက' ခေါ် အစာချေသောဓာတ်သည် မီးဓာတ်တစ်ခုပင် မဟုတ်လော။ သစ်ပင်, တိရစ္ဆာန်နှင့် လူသားအများ မပုပ်မသိုးရအောင် မီးဓာတ်ကပင် ထိန်းစောင့်ရသည်။ သို့စင် အကျိုးပြုဓာတ်ကြီးတစ်ခု ဖြစ်သည်တိုင်အောင် အပျင်းဖျား, အပူဖျား, ငှက်ဖျား, ရက်ချန်ဖျား စသော အဖျားအမျိုးမျိုး၊ ဆံဖြူသွားကျိုး, အရေလိပ်, အိုမင်းရင့်ရော်မှု အမျိုးမျိုး၊ မီးဘေးအမျိုးမျိုး။ နောက်ဆုံး အာဘဿရအောက်ဘုံတစ်လျှောက်ကို ပျောက်ပျက်ကြေမွသွားအောင် စီရင်ခြင်းအားဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ဆိုးရွားသော, ယုတ်မာသောသဘောကို သက်သေခံနေပေသည်။

မိတ်ဆွေ ဘဝက များစွာ ကျေးဇူးပြုခဲ့သောမီးသည် ရန်သူဘဝသို့ ရောက်

mgyoe.com

သောအခါ သတ္တဝါတို့၏ မတရားမှုကြီးများကို သက်သေခံသိသည့်အလား အဖျက်လုပ်ငန်းဝယ် ဆိုးဆိုးရွားရွား ထင်ထင်ရှားရှား ရှိလှသတည်း။

၅- မြေကြီး ။ ။ မြေကြီးသည်လည်း ခံမှုကို အစွဲပြု၍ 'ခမာ-ဆမာ' ဟူသောပါဠိဘာသာအမည်ကို ရလေသည်။ မစင်, အညစ်အကြေး, အပုပ်အသိုးကိုလည်း သည်းခံ၏။ တူးရွင်း, ဆောက်, ဓား, ပေါက်ပြား, ပုဆိန်တို့ဖြင့် တူးဆွရှုခုတ်သော်လည်း သည်းခံ၏။ မီးကျီးပြာပူတို့ ဒဏ်ကိုလည်း သည်းခံ၏။ တိုက်တာအိုးအိမ်တို့၏ အလေး၊ သစ်ကြီးဝါးကြီးတို့၏ အလေး၊ သက်ရှိသက်မဲ့ ဇင်္ဂမ, ထာဝရတို့၏ အလေး၊ တောင်ကြီးတောကြီးတို့၏ အလေး၊ မြစ်ကြီး ချောင်းကြီးတို့၏ အလေး၊ အလေးအလံ အမျိုးမျိုးတို့ကို သည်းခံထမ်းရွက်၏။ သို့သော်လည်း-ဒေဝဒတ်လို ယောကျာ်းအယုတ်တမာ၊ စဉ္စမာနဝိကာလို မိန်းမယုတ်တမာများကိုကား သည်းခံထမ်းရွက်မထားဘဲ အက်ကွဲ လျက်ကျစေသည်။ မြေမျိုသည်မှာ လူယုတ်မာများအတွက် မြေ၏သက်သေခံချက်ပင် ဖြစ်လေသလော။

၆- ကောင်းကင် ။ ။ ကောင်းကင်(ဂဂန်)သည် လူတို့၏အပြုအမူများကို အပေါ်စီးအနေအထားဖြင့် မြင်နိုင်သည်ဖြစ်၍ ကောင်းလျှင် ကောင်းသည့်အလျောက်၊ ဆိုးလျှင်ဆိုးသည့်အလျောက် အန္တလိက္ခကိတ်များဖြင့် သက်သေခံတတ်သည်။ 'အာကာသဝါဏီ' ခေါ် ကောင်းကင်မှထွက်ပေါ်လာသော အသံကြီးများဖြင့် သက်သေခံတတ်သည်။

၇- ရေ ။ ။ ရေသည် အကျိုးပြုဓာတ်ကြီးတစ်ခုဖြစ်ကြောင်း ထင်ရှားလှသည်။ သို့သော်-ရေသည် တစ်ရံတစ်ခါ ရန်သူကြီးအဖြစ် လောကကို သက်သေခံခြင်း, စီရင်ချက်ချခြင်း ပြုတတ်လေသည်။ သုဘာကိဏ်အောက်ဘုံတစ်လျှောက် ပျောက်ပျက်ကြေမွသွားအောင်ပင် ဖျက်ဆီးပစ်တတ်သည်။

၈- နှလုံးသား ။ ။ မိမိ၏နှလုံးသားသည် မိမိအကြောင်းကို ကောင်းကောင်းကြီးသိသည်။ နှလုံးသားက သက်သေခံချက်ကို မည်သူမျှ မငြင်းကွယ်နိုင်ပေ။

၉- ယမမင်း ။ ။ ယမမင်းသည် လူတို့၏ ကုသိုလ်-အကုသိုလ်,သုစရိုက်-ဒုစရိုက်မှန်သမျှ အကုန်မှတ်ထားသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

၁၀– နေ့ ။ ။ နေ့သည် လူတို့၏ အဆိုးအကောင်းကို သိတတ်သည်။ ညဥ့်အချိန် မကောင်းမှုပြုလျှင် အခြားသူများ မသိသော်လည်း ညဥ့်အချိန်က သိသည်။

၁၂– နေ့ဆည်းဆာ ။ ။ နေ့ဆည်းဆာသည် လူတို့၏ အကျင့်စာရိတ္တ ကောင်း–မကောင်းကို သိတတ်သည်။

၁၃– ညဥ့်ဆည်းဆာ ။ ။ ညဥ့်ဆည်းဆာသည် လူတို့၏ အကျင့်စာရိတ္တ ကောင်း–မကောင်းကို သိတတ်သည်။

၁၄– ဓမ္မ ။ ။ ဓမ္မသည် သူ့အား လေးစားလျှင် သူက အပြန်လေးစားသည်။ သူ့ကို စောင့်ထိန်းလျှင် သူက အပြန်ထိန်းစောင့်သည်။ သူ့ကိုသတ်လျှင် သူက အပြန်သတ်သည်။ သူ့ကို အသက်သွင်းလျှင် သူက အပြန်အသက်သွင်းသည်။ ဓမ္မကို မည်သူမျှ ဖုံးကွယ်လှည့်ပတ်၍ မရ။ ကမ္ဘာ့နိယာမ သက်သေကြီးပင်တည်း။

* နေ, လ, လေ, မီး၊
မြေကြီး, ကောင်းကင်၊
ရေစင်, နှလုံး၊
မင်းဆုံး ယမ၊
နေ့,ညနှစ်လွှာ၊
ဆည်းဆာနှစ်ဝ၊
ဓမ္မဟူသည်၊
ဆယ့်လေးမည်။
မြဲတည် သက်သေကြီး။

အတွေးအမြင်။ ၁၉၀၅– ဖေဖော်ဝါရီ။

mgyoe.com

 mgyoe.com SAMPLE BOOK

## အမေး ၅ ထွေ အဖြေ ၅ ခု

၁

ခရစ်နှစ် ၁၅၅၆ ခု၊ ဇန်နဝါရီလတွင် သူ၏ စာကြည့်တိုက်လှေကားပေါ်မှ လိမ့်ကျ၍ ကွယ်လွန်ရသော ဟုမာယုံဘုရင်၏သား အကဗရ်သည် ၁၃ နှစ်သားအရွယ် မှာပင် ဘုရင် ဖြစ်ခဲ့၏။

သူသည် ၁၅၄၂၊ အောက်တိုဘာ ၁၅ ရက်တွင် မွေးဖွား၍ ၁၆၀၅-ခုနှစ်တွင် ကွယ်လွန်သည်။

သူသည် ငယ်စဉ်ကလည်း တစ်နေရာတည်းတွင် ဇွဲဇွဲမြဲမြဲ မနေရ၊ ဟိုရောက် သည်ရောက်။ နောက်ပိုင်းမှာလည်း စာကောင်းကောင်း မသင်ရသောကြောင့် အချို့ သော သမိုင်းဆရာတို့က 'စာရေးစာဖတ်မတတ်သော ဘုရင်။' ဟူ၍ပင် သမိုင်းတင် သည်ကို ခံရ၏။ 'သူ့ဖခင်ကား ကိုယ်ပိုင်စာကြည့်တိုက်နှင့်။ သူ့သားကား စာရေးစာဖတ် မတတ်သူ' ဟု အသမုတ်ခံရ။

ဤလှောက်ထုံးတွင်ကား 'သီဟာသနပလ္လင်ပေါ်ထိုင်ကာ စာဖတ်နေသည်။'- ဟု ဆိုသည်။

ဤသို့လျှင် အဆိုအမျိုးမျိုး ကွဲသော်လည်း အကဗရ်ဘုရင်သည် မှတ်ဉာဏ် အလွန်ကောင်းသူ၊ ပညာရှိများကို လေးစားသူ၊ စာတော်ဖတ်များကို စာဖတ်ခိုင်း၍ စာနာတတ်သူ၊ 'စာမတတ်သောပညာရှင်' ဟု သမိုင်းဆရာအများက တစ်သံတည်း ချီးကျူးရသော မင်းတစ်ပါး ဖြစ်သည်။

အကဗရ်ဘုရင်၏ မင်းပွဲသဘင်တွင် 'ဗီရဗလ' ဟူသော အလွန်ထက်မြက် သည့် ပညာရှိရတနာတစ်ဆူ ရှိခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အကာဗရ်ဘုရင်မင်းမြတ်အား ဗီရဗလပညာရှိက အလျဉ်းသင့်တိုင်း လျှောက်ထားသော လျှောက်ထုံးများကို စုပေါင်း၍ ဟိန္ဒူဘာသာဖြင့် ထုတ်ဝေခဲ့ဖူးသည်။ လျှောက်ထုံးပေါင်း ၂၁၀ ရှိသည်။ ၁၉၄၇ ခုနှစ်က ဗာရာဏသီတွင် ထုတ်ဝေသည်။ စုဆောင်းသူအမည် 'ပဏ္ဍိတ် ရာမာနန္ဒဒွိဝေဒီ' ဖြစ်သည်။ ယခုဘာသာပြန်သော လျှောက်ထုံးမှာ အမှတ်စဉ် ၁၃၉ ဖြစ်သည်။ လျှောက်ထုံးကျမ်း၏အမည်မှာ 'အကာဗရ်ဗီရဗလ ဝိနောဒ' ဖြစ်သည်။ 'ဝိနောဒ' ဟူသည်မှာ 'အပျင်းပြေ ဟာသ-သုတ မိဿက' စာမျိုး ဖြစ်သည်။

၂

အကာဗရ်ဘုရင်သည် မေးစရာအကြောင်းတစ်ခု စိတ်ကူးရလာလျှင် မေးဖြစ်အောင်မေး၍ အဖြေကိုလည်း မရရအောင် လုပ်တတ်၏။

တစ်နေ့သ၌ အကာဗရ်ဘုရင်သည် မှူးကြီးမတ်ရာ သေနာပတိများ မရောက်မီ မြေနန်းပြာသာဒ်တော်ကြီးသို့ ရောက်နှင့်၍ သီဟာသနပလ္လင်တွင် ထိုင်ကာ အရေးကြီးသော စာရွက်စာတမ်းများကို ဖတ်ကြည့်နေလေ၏။ ဖတ်ရင်းဖတ်ရင်း အကာဗရ်ဘုရင်စိတ်ထဲတွင် မေးစရာများ ပေါ်လာ၏။

ထိုမေးစရာများကို မေးခွန်းများ ပြုလုပ် ကာ မှူးကြီးမတ်ကြီးများအား မေးမည်။ ၎င်းတို့ထံမှ အဖြေများကို ရအောင်ယူမည်…, ကြံစည်ကာ မှူးကြီးမတ်ကြီးများအလာကို စောင့်မျှော်နေလေ၏။

မကြာမီပင်၊ မှူးကြီးမတ်ကြီးအချို့ ရောက်လာ၏။ ထိုအမတ်များအနက် ထင်ရှားသောအမတ်ကြီးတစ်ဦးအား ဘုရင်မင်းမြတ်က မေးခွန်းထုတ်လိုက်၏။

မင်းကြီးက-

၁- အမြင့်မြတ်ဆုံးသော မင်းကား အဘယ်နည်း။

၂- အမြင့်မြတ်ဆုံးသော သားကား အဘယ်နည်း။

၃- အမြင့်မြတ်ဆုံးသော ပန်းကား အဘယ်နည်း။

၄- အမြင့်မြတ်ဆုံးသော အစွယ်ကား အဘယ်နည်း။

၅- အမြင့်မြတ်ဆုံးသော အရည်အချင်းကား အဘယ်နည်း။

အမတ်ကြီးက ပြန်လည်လျှောက်ထားသည်။

mgyoe.com

"အရှင်မင်းကြီး။ ကျွန်တော်မျိုး စိတ်ကူးရရာကို ရုတ်တရက် ဖြေဆိုလိုက်ပါလျှင် ပြည့်စုံမှန်ကန်သော အဖြေများ ဖြစ်လာမည် မထင်ပါ။ သို့ပါ၍ အားလုံးနှင့် ညှိနှိုင်း ဖြေကြားလိုပါသည်။ သို့မှသာ အကောင်းဆုံးအဖြေ ဖြစ်ပါလိမ့်မည်ဘုရား။"

ထိုအမတ်ကြီးနှင့် အကဗရ်ဘုရင်တို့ စကားပြောနေကြစဉ်ပင် နောက်ကျနေသော အမတ်များလည်း ရောက်လာကြ၏။ ထိုအခါ မေးခွန်း အမေးတော်ခံရသော အမတ်ကြီးသည် ကျန်အားလုံးသော အမတ်များနှင့် စုပေါင်းညှိနှိုင်းကာ အဖြေပေးလိုက်၏။

၁- အမြင့်မြတ်ဆုံးသော မင်းကား 'စကြဝတေးမင်း' ဖြစ်ပါသည်။

၂- အမြင့်မြတ်ဆုံးသော သားကား 'မင်းသား' ဖြစ်ပါသည်။

၃- အမြင့်မြတ်ဆုံးသော ပန်းကား 'ဖွန်ပန်း' ဖြစ်ပါသည်။

၄- အမြင့်မြတ်ဆုံးသော အစွယ်ကား 'ဆင်စွယ်' ဖြစ်ပါသည်။

၅- အမြင့်မြတ်ဆုံးသော အရည်အချင်းကား 'အတတ်ပညာ' ဖြစ်ပါသည်။

ဤအဖြေ ၅-ချက်ကို အကဗရ်ဘုရင်မင်းမြတ် ကျေနပ်နှစ်သက်တော်မမူ။

၃

အချိန် အနည်းငယ်ကြာပြီးနောက် ဗီရဗလအမတ်ကြီး ရောက်လာသောအခါ ထို 'အမေး ၅-ထွေ'ကိုပင် ဗီရဗလအားလည်း ဘုရင်မင်းမြတ်က မေးတော်မူပြန်၏။

ဗီရဗလအမတ်ကြီးသည် ရောက်မဆိုက် မတ်တတ်ရပ်လျက်ပင် 'အဖြေ ၅-ခု'ကို ဖြေကြားလိုက်၏။

၁- အမြင့်မြတ်ဆုံးသောမင်းကား 'မိုးမင်း' ဖြစ်ပါသည်။
အကြောင်းသော်ကား မိုးမင်းအချိန်မှန် ရွာသွန်းသောကျေးဇူးကြောင့် စိုက်ပျိုးရေး အောင်မြင်၍ မြေပြင်ရပ်ရွာ သတ္တဝါသက်ရှိများနှင့် ပန်းမန်သစ်ပင်တို့ ရှင်သန်ကြီးပွားကြရပါသည်။

၂- အမြင့်မြတ်ဆုံးသော သားကား နွားမ၏သား။ ထယ်နွား၊ ထွန်နွား၊ သားကောင်းရတနာများ ဖြစ်ကြပါသည်။
အကြောင်းသော်ကား ထိုထယ် နွား၊ ထွန်နွား သားကောင်းရတနာများ၏ ကျေးဇူးကြောင့် အသက်သခင် ကျေးဇူးရှင်လယ်သမားကြီးများယာသမားကြီးများ လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြပါသည်။

mgyoe.com SAMPLE BOOK

၃- အမြင့်မြတ်ဆုံးသော ပန်းကား 'ဝါဂွမ်းပန်း၊ ဝါဂွမ်းပွင့်များ' ဖြစ်ကြပါသည်။ အကြောင်းသော်ကား ထိုဝါဂွမ်းပွင့်များ ကျေးဇူးကြောင့် လူအများအထည် အဝတ် အခြုံအရုံများ ဝတ်ဆင်ခြုံရုံကြရသည်။

၄- အမြင့်မြတ်ဆုံးသော အစွယ်အသွားကား 'ထယ်သွား, ထွန်သွားများ' ဖြစ်ကြပါသည်။
အကြောင်းသော်ကား ထယ်သွား, ထွန်သွားများ၏ ကျေးဇူးကြောင့် စိုက်ပျိုးရေးဖြစ်ထွန်း အောင်မြင်ရပါသည်။

၅- အမြင့်မြတ်ဆုံးသော အရည်အချင်းကား 'ဇွဲသတ္တိ' ဖြစ်ပါသည်။ အကြောင်းသော်ကား ဇွဲသတ္တိရှိမှသာ အရာရာအောင်မြင်နိုင်မည် ဖြစ်ပါသည်။ ဇွဲသတ္တိမရှိလျှင် အခြားအရည်အချင်းတွေ အဘယ်မျှရှိရှိ၊ ရှိရာမရောက် ဖောက်ပြန်ဆုတ်ဆိုင်းသွားတတ်ပါသည်။

ဗိရဇလအမတ်ကြီးအဖြေကို အကဗရ်ဘုရင်မင်းမြတ် သဘောတော်ကျ နှစ်သက်လှသည်ကို မြင်ရသောအခါ၊ ပထမဖြေဆိုသော အမတ်ကြီး၏စိတ်၌ ကြိတ်မှိတ်ခံစားလိုက်ရသော မကျေနပ်မှုအပြင် စိတ်ငယ်မှုပါ ဆင့်ပွားသွားလေသတည်း။

၁- မင်းလည်း တခြား၊
၂- သားလည်း တစ်ခန်း၊
၃- ပန်းလည်း တစ်သွယ်၊
၄- စွယ်လည်း တစ်ခင်း၊
၅- ရည်ချင်းတစ်ဖုံ၊ ကြီးငါးစုံ၊
မှတ်ပုံ လွန်ထူးခြား။ ။

အတွေးအမြင်။ ၁၉၈၅- ဧပြီ။

mgyoe.com

SAMPLE BOOK

## စတုရင်္ဂဗလ

၁

'စတုရင်္ဂမလ', 'သီရိမဟာ စတုရင်္ဂဗလ'-ဟူ၍ အမျိုးမျိုး မှုကွဲလျက်ရှိသည်ကို တွေ့ရသည်။

စာပေအရာ၌ ဘက်စုံစွမ်းသော ကျက်သရေဆောင်ပုဂ္ဂိုလ်ကြီးဟု ဆိုလိုဟန်ရှိပါသည်။

ထိုပုဂ္ဂိုလ်ကြီး၏ အကြောင်းကို ဦးကုလား, မှန်နန်းကဲ့သို့သော ရာဇဝင်ကျမ်းများ၌ မတွေ့ရပေ။

ကျမ်းအမည်, ပုဂ္ဂိုလ်အမည် ဖော်ပြလေ့ရှိသော စူဠဂန္ထဝင်ကျမ်းများမှာပင် စတုရင်္ဂဗလ၏အမည်ကို မတွေ့ရပေ။ 'အမတ်တစ်ယောက်' ဟုသာ ပြထားသည်ကို တွေ့ရသည်။

'ထိုမင်း (ဆင်ဖြူလေးစီးရှင်) လက်ထက် ကျမ်းဂန်တတ်လှစွာသော 'စတုရင်္ဂဗလ' မည်သော အမတ်ကြီးသည် အဘိဓာန်ဋီကာကို စီရင်၏။ သသ်ကရိုက်ကျမ်းနှင့်တကွ 'ပိဋကတ်သုံးပုံ' ဟူသော တောကြီး၌ မငြိမတွယ်သောဉာဏ်ဖြင့်သာ စွမ်းနိုင်သည်။'

- ဟူ၍ အစွမ်းသတ္တိကို ၎င်း'အဘိဓာန်ဋီကာ' နိဂုံးတွင် ဆိုသည်။

'ဣတိ သကလဗျာကရဏ မဟာ ဝနာ သင်္ဂ ဉာဏ စာရိနာ သိရိမဟာစတုရင်္ဂဗလန 'စတုရင် ဗလေန' မဟာ မစ္စေန ဝိရ စိတာယံ+++'

အဘိဓာန်ဋီကာ နိဂုံး။

mgyoe.com

 mgyoe.com SAMPLE BOOK 

စံကားကျောင်းအနီးတွင် ငါးစီးရှင်သားတော်-လေးစီးရှင်လက်ထက် ကျောင်းကြီးသာယာစွာ ဆောက်လုပ်၍ 'မည်သည့်ပုဂ္ဂိုလ်'ဟု မရည်မထင်ဘဲ 'ကျော်စွာကျောင်း' ဟု ထား၏။ 'သီလဝန်, ဂုဏဝန် မှန်၍ ရဲရင့်တည်ကြည်သောပုဂ္ဂိုလ် တက်နေပစေ'ဟု သတင်းစကား ပျံ့နှံ့လျှောက်ထားသတည်း။

ထိုကျောင်းကို မြောက်ဘက်သာစည်ရွာသားပုဂ္ဂိုလ် တက်နေလေ၏။

ထိုပုဂ္ဂိုလ်အကြောင်းကား သာစည်ရွာတွင် အသည်တစ်ဦး သားသူငယ်ကို ကျောင်းမှာ စာသင်အပ်ထားသည်။ ကျောင်းသို့ မသွား မနေလို၍ ခြိမ်းခြောက်အံ့သော ငှာ ဆူးချုံထက်တွင် တွန်းလိုက်၏။ သူငယ်လည်း ထွက်ပြေးလေ၍ အိမ်သို့ မလာ၊ ကျောင်းမှာ အမြဲနေလေ၏။

မိဘအထံ မလာမရောက်ဘဲ တစ်စတစ်စ စာပေသင်ကြား လွင့်ပါးလေသော်၊ 'ရှင်'ကသည် 'ပဥ္စင်း' ဖြစ်၍ ပုဂံပြည်သို့ ရောက်လေ၏။ ဉာဏ်ပညာရှိလှ၍ စာပေရမိသောကြောင့် ရောက်ရာအရပ်တိုင်းမှာ ဆရာတို့ ချီးမြှင့်မစသဖြင့် ကျော်စောထင်ရှားစွာသတည်း။

ထိုရောအခါ မိဘတို့လည်း ကာလလျားသဖြင့် သေသည်-ရှင်သည်မသိ မျှော်ခေါ်လျက်နေကြ၍၊ ထိုအကြောင်းကို ကြားလေသော် 'တို့သားပင်ဖြစ်မည်။' အတွေးအထင်နှင့် အဘ လိုက်လေ၍ ပုဂံမှာတွေ့လျှင် သားရှင်ပဥ္စင်းကို လုပ်ကျွေးမွေးမြူ၏။ စာပေ ကြိုးစားသင်ကြားစဉ် မည်သို့မျှ မဆို။ ကျွေးမွေးတိုင်းသာ ဆွမ်းပန်းသုံးဆောင်၏။

အခါတစ်ပါး၌ လုပ်ကျွေးသော အဘကို 'ယနေ့ဆားငန်သည်၊ ယနေ့ဆားပေါ့သည်' အစရှိသည်ဖြင့် ပြောဆိုဖန်များသည်တွင် 'အလျင် ရှေးက အမောင် မည်သို့မျှ မဆို။ ယခုမှ ဆိုဖန် များသည်။'-ဟု အဘက ဆိုလျှင် 'အလျင် ရှေးက စာပေမကျ။ ယခုမှ စာပေကျ၍ ကိုယ်လက်ဖြည့်တင်းလိုက်သဖြင့် ဆိုမိသည်။'-ဟု သားရှင်ပဥ္စင်းက ဆို၏။ ထိုစကားကို အဘကြား၍ ယင်းသို့တပြီးကား 'အမောင့်အမိလည်း မျှော်တလှလေပြီ။ ရပ်ရွာပြန်၍ မျက်နှာပြပါ။'-ဟု အဘကဆိုသော် မြောက်ဘက်ရပ်ရွာသို့ ပြန်မည်လာကြသည်တွင် ပင်းယမြို့သို့ ဘုရားပုထိုး ရှိခိုးအံ့သောငှာ ဝင်သွားသဖြင့် ထိုကျောင်းသို့ တက်၍နေလေ၏။

အစောင့်အရှောက်တို့လည်း တက်နေလေသည်ကို မြင်၍ မင်းအား လျှောက်ထားကြ၏။ မင်းလည်း စတုရင်္ဂဗလ အမတ်ကြီးကို 'စုံစမ်းချေ'စေ၏။

mgyoe.com

အမတ်ကြီးသွား၍ ထိုပုဂ္ဂိုလ်ကို ပါဋိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန် ခက်ရာခက်ဆစ် မေးမြန်းစုံစမ်းတိုင်းပင် ရရမိမိရှိ၍ မင်းအား အကြောင်းပြန်ကြားသဖြင့် ထိုကျောင်းကို ထိုပုဂ္ဂိုလ်အား တင်လှူလေ၏။

သာသနာလင်္ကာရ။ နှာ ၁၀၀-၁၀၁။
မော်လမြိုင်မြို့၊ ရမ္မာပူရသတင်းစာတိုက်။ ၁၂၄၅ ခု ဝါခေါင်လ။

ထို စတုရင်္ဂဗလအမတ်ကြီးကား အလုံးစုံသော သဒ္ဒါဗျာကရိုဏ်းကျမ်းတည်းဟူသော တောကြီး၌ မငြီမတွယ် ဉာဏ်ကျက်စားလေ့ရှိသော ဆင်ပြောင်ခြသေ့တည်းဟူသော 'သိရိမဟာစတုရင်္ဂဗလအမတ်ကြီး' ဟူ၍ အဘိဓာန်ဋီကာ နိဂုံးချုပ်၌ ဆိုသည်။ ထိုအမတ်ကြီးအကြောင်းကား ဝိဇယပုရ ပင်းယလက်ထက် သက္ကရာဇ် ၇၀၂-ခု ဥဇနာမင်းကြီး ဆောက်လှူသည့် စံကားခုနစ်ကျောင်းတွင် စံကားကျောင်းမနေ ပုဂံစာချီပေသင်သား အရှင် သုဓမ္မမဟာသာမိ တပည့် ၅၀၀ ကျော်တို့အနက် 'ရှင်တွင် နာဂိတ၊ အမတ်တွင် စတုရင်္ဂဗလ ပညာရှိအကျော်' ဟု အာစရိယဝံသ စာတမ်း၊ သာသနာဝံသ စာတမ်းများတွင် ထွက်ဆိုသည့်အတိုင်း စစ်ကိုင်း၊ ပင်းယ၊ အဝ ပညာရှိတို့ အလွန်ချီးမွမ်းမြတ်နိုးကြသည့် အမတ်ကြီးတည်း။

၁၈၉၉-ဝေါဟာရ လိနတ္ထဒီပနီ။ နှာ-၁၄၇-၂၄၈
မန္တလေးမြို့၊ မြန်မာ့တာရာသတင်းစာတိုက်။

'သက္ကရာဇ် ၇၁၄-ခုနှစ်၊ ဝိဇယာပူရမည်သော ပင်းယမြို့၌ နန်းတက်သော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက်၊ ပြည်မြို့ဇာတိ၊ အတွင်းဝန်သီရိမဟာ စတုရင်္ဂဗလ (အဘိဓာန်ဋီကာ) ပြုသည်။'

၁၂၆၇။ ပိဋကတ်သမိုင်းစာတမ်း။ နှာ-၆၅
ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။

''ပန်းရတွင် ရွှေနန်းရှင်လက်ထက်လည်း စတုရင်္ဂဗလ ဟူသော အမတ်သည် 'ငါ၏ကိုယ်မှာ ပိဋကတ်အိုး' ဟူသော စာကျမ်းများကို ခင်း၍ အိပ်သည် ဟူ၏။

'ငါ၏ ဝမ်းတွင်း၌ ပိဋကတ်' ဟူ၍ အမှတ်ရှိ၏။ 'ပေါက်အံ့'ဟူ၍ မိမိဝမ်းကို ပုဆိုးရစ်သောဟူ၏။

ထိုသူ စတုရင်္ဂဗလအမတ်ကို မမြင့်ခင်(မကြာခင်) ရှမ်းတို့ ရလေ၏။ အရှအနရှိလေမှ 'နိဗ္ဗာန်သည် အတည်ရှိပေ၏၊ ဗုဒ္ဓဝစနံသစ္စံ' ဟူလျက် ဘေးဖြစ်လေ၏။

အမှားတော်ပုံ။ နှာ-၂၀-၂၁

mgyoe.com

၂

စတုရင်္ဂဗလ အမတ်ကြီး၏ မွေးသက္ကရာဇ်၊ စုတေသက္ကရာဇ်၊ မိဘမည်ရည်များကို မသိရပါ။ ဇာတိဒေသ ပြည်မြို့ဖြစ်ကြောင်းမျှသာ သိရပါသည်။

စတုရင်္ဂဗလ ငယ်စဉ်အချိန်က ပြည်မြို့တွင် သင်းတွဲ စောရန်နောင်မင်း အုပ်ချုပ်နေသည်။ စောရန်အောင်ကား ပင်းယ စံကားခုနစ်ကျောင်း ဒါယကာ ဥဇနာ၏ သစ္စာခံမင်းငယ် ဖြစ်ပါသည်။ ထိုအချိန်ကား 'ပုဂံအကျ၊ ပင်းယအထ' ဖြစ်ပါသည်။

ယခုခေတ် မန္တလေး၊ ပခုက္ကူစာသင်တိုက်များ နာမည်ကြီးသကဲ့သို့ ထိုစဉ်က ပင်းယ စံကားခုနစ်ထွေကျောင်း နာမည်ကြီးလှပါသည်။

စံကားခုနစ်ကျောင်းတွင် စံကားကျောင်းမနေ ရှင်သုဓမ္မမဟာသာမိထံမှာ စတုရင်္ဂဗလ ငယ်စဉ်က စာသင်သည်ဟု ဆိုကြပါသည်။ စတုရင်္ဂဗလသည် ပုဂံစာသင်သားများ တတ်ရိုးတတ်စဉ်ဖြစ်သော ပါဠိ၊သက္ကတဘာသာကို ကောင်းမွန်စွာ လေ့လာသင်ကြား တတ်မြောက်ပါသည်။

စတုရင်္ဂဗလ ပါဠိဘာသာ၊ သက္ကတဘာသာ တတ်ကြောင်း၊ ပါဠိအဋ္ဌကထာနှံ့စပ်ကြောင်းကို မာဂဓအဘိဓာန်ဋီကာ၊ အနန္တဂုသာရ၊ လောကနီတိကျမ်းများက သက်သေမူနေကြပါသည်။

မြန်မာနိုင်ငံဖြစ် ပါဠိရေးကျမ်းများတွင် ပုဂံခေတ် ရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိသုံးကျမ်းနှင့် ပင်းယခေတ် စတုရင်္ဂဗလအမတ်၏ မာဂဓအဘိဓာန်ဋီကာတို့ကို သီဟိုဠ်စသော ပါဠိတတ်နိုင်ငံများကပင် လေးစားကြရသည်။

စတုရင်္ဂဗလသည် အဘိဓာန်ဋီကာ တစ်စောင်တည်းဖြင့်ပင် မြန်မာနိုင်ငံတော်၏ စာပေသိက္ခာကို ဆောင်နိုင်ခဲ့ပါသည်။

စတုရင်္ဂဗလ၏ဘဝ နောက်ပိုင်းအကြောင်းအရာများအနက် 'မိမိဝမ်းကို ပုဆိုးရစ်သည်။' ဟူသော အကြောင်းသည် ဗုဒ္ဓရှင်တော်လက်ထက်က သစ္စကပရိဗိုဇ်အကြောင်းနှင့် တူနေပါသည်။

စတုရင်္ဂဗလ၏ အနန္တဂုဏာသာရကျမ်းတွင် စတုရင်္ဂဗလကိုယ်တိုင် ၄ လုံးစပ်ကဗျာကို တွေ့ရသောအခါ 'ရွှေဘွားတော်အောက်' အစချီသော ရတုကို စတုရင်္ဂဗလရေးကြောင်း ပို၍ခိုင်မာသွားပါသည်။

'ရွှေဘွားတော်အောက်' အစချီသော ရတုကို ဖတ်ရသောအခါ စတုရင်္ဂဗလ

mgyoe.com

'ရွှေဘွားတော်အောက်' အစချီသော ရတုကို ဖတ်ရသောအခါ စတုရင်္ဂဗလ အမတ်၏ နူးညံ့သိမ်မွေ့သော အသံများကို ကြားနေရသော်လည်း၊ အမှားတော်ပုံပါ ဘဝနောက်ပိုင်း အဖြစ်အပျက်များကို ကြားရသောအခါ လပြည့်နေ့တွင် လမင်းကို ငပုပ်ဖမ်းနေသည့်အလား ခံစားရပါသည်။ 'ဆင်ဖြူလေးစီးရှင်မင်းက သူ့အား အထူး တလည် ချီးမြှောက်ကြောင်း'-သူကိုယ်တိုင် အဘိဓာန်ဋီကာနိဂုံးတွင် ရေးလိုက်မိခြင်း မှာလည်း သူ၏ အမှားတော်ပုံတစ်ခုပင် ဖြစ်လေမည်လား၊ သို့မဟုတ်-အရည်အချင်း ရှိလျှင် ရှိသလို ချီးမြှောက်တတ်သောမင်းကို ကျေးဇူးပြန်ဆပ်သောနည်းဖြင့် မှတ်တမ်း တင်လေသလော။ အမျိုးမျိုး တွေးတောနိုင်ပါသည်။

'အရှင် ဘုန်းကြီး၊ ကျွန်စားပြီး။

အရှင် ဘုန်းပျောက်၊ ကျွန် ကျွမ်းဆောက်။'-ဆိုဘိသည့်အလား၊ နရသူ ဒုက္ခ ရောက်သောအခါ အေးအတူပူအမျှ စတုရင်္ဂဗလလည်း ဒုက္ခရောက်ရခြင်းမှာ **လောကစံ အခန်းတစ်ခန်းမျှ** ဖြစ်၍ အဆန်းမဟုတ်ပါတကား။ သို့တစေ- 'အဆိုမှားမှောက်၊ တရားပျောက်၊ ရောက်တတ်ဒုက္ခ၊ ဘေးတွေ့ရ။'

အတွေးအမြင်။ ၁၉၈၅- ဇွန်။

mgyoe.com

m.g y o e . c o m SAMPLE BOOK


# လစ်လပ်ပေါ်လျော့မှု

၁

သက္ကရာဇ် ၅၉၅-ခု (နောပဋ္ဌာနဝ ညောင်ရမ်းရောက်) ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ ဝန်းရံ၍ လုပ်ကြံကြလျှင်၊ ဆင်ဖြူများသခင် မင်းတရားကြီး ဘုရားနိုင်ငံတော်ဖြစ်သော တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့သည် အသီးအသီး ခြားနားကြလေသည်။

ယင်းသောအခါ ညောင်ရမ်းဘုရားလည်း ညောင်ရမ်းမြို့ကို နေနိုင်အောင်ပြု၍ သက္ကရာဇ် ၉၅၉ ခု ဝါဆိုလပြည့်ကျော် ၁၅ ရက်၊ စနေနေ့ သန်းယိမ်းလျှင် (သန်းခေါင်ကျော်လျှင်) ရမည်းသင်းကို သိမ်းစပြုတော်မူသည်။ ယင်းကမှ ဝတီး, ယင်းတော်, လှိုင်းတက်, ပေါက်မြိုင်, သာဂရ, ပင်းတလဲ, ပြင်စည်-သည်မြို့များကို သိမ်းယူတော်မူသည်။

ထိုအခါ ခပ်သိမ်းသောလူအပေါင်းတို့သည် ကမ္ဘာဦး၌ ကိုးကွယ်ရာမရှိ၍ မဟာသမ္မတမင်းကြီးဘုရားကို တောင်းပန်ကြသော် မဟာသမ္မတမင်းကြီးလည်း လူတကာတို့ကို သနားတော်မူ၍ မင်းအဖြစ်ကို ဝန်ခံတော်မူသကဲ့သို့၊ သက္ကရာဇ် ၅၉၅ ဝါခေါင်လဆန်း ၂-ရက် တနင်္လာနေ့တွင် ခပ်သိမ်းသောလူအပေါင်းတို့အား သနားခြင်းသည် ပြင်းစွာ တိုက်တွန်းတော် မူအပ်သည်ဖြစ်၍ မင်းပြုတော်မူအံ့သောငှာ ရတနာပူရ အဝရွှေပြည်တော်ကြီးသို့ ချီတော်မူသည်။

မင်းလှ-ကန်ဖျားတွင် တပ်ချတော်မူသည်။ ၎င်းဝါဆိုလဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့-မင်းလှကန်ဖျားက ချီတော်မူ၍ ဆီးတောအရပ်တွင် ချတော်မူသည်။ ထိုစခန်းတွင်

m.gyoe.com

ညဦးနှစ်ချက်တီးကျော် (သန်းခေါင်ကျော်)တွင် တဲတော်ကို မီးလောင်လေသည်။

သည်အကြောင်းကို ဘားမဲ့ဆရာတော်ကို လျှောက်သော်။ "စိုးရိမ်တော်မမူပါနှင့်၊ မီးတောက်မီးလျှံကဲ့သို့ ဘုန်းတော်ကြီးလျက် သက်တော်ရှည်၍၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့သည် ကေရာဇ်ချည်းဖြစ်၍ ဘုရားရှင် သာသနာတော်ကို အတိုင်းထက်အလွန် ကောင်းမွန်စွာ ဆောင်တော်မူလတ္တံ့သည်။"-ဟူ၍ နားတော် လျှောက်သည်။

ယင်းကမှ ရတနာပူရသို့ ရောက်တော်မူလျှင် တံတားဦး မင်္ဂလာစေတီအနောက် သာယာလှစွာသောမြေအပြင်၌ 'သာစည်တပ်တော်' ဟူ၍ သမုတ်ပြီးလျှင်၊ ထိုတပ်တော်တွင် ၁၀ ရက်ခန့် ဗိုလ်ဝင်ခံတော်မူ၍ ၄င်း ၉၅၉-ဝါခေါင်လပြည့်ကျော် ၅-ရက် သောကြာနေ့ နေဝန်းပေါ်သို့ ပုဂံသို့ ချီတော် မူသည်။

ယင်းသောအခါ ပုဂံမြို့ကိုစားသည့် ဆင်ဖြူရှင့်သားတော် ရှင်မြတ်လှ သည် ပုဂံမြို့ကို ကျုံးမြောင်း, ကတုတ်, ရင်တား ခိုင်လုံအောင် လုပ်၍ ခံနှင့်သည်ကို ရောက်တော်မူလျှင်၊ ကေသရာဇာ ခြင်္သေ့မင်းရှေ့သို့ ယုန်, ဒရယ်တို့သည် သန်း၍ မသွားဝံ့ သကဲ့သို့ ပုဂံစား အညံ့ခံ၍ အရေးတော်ပြီးလျှင်၊ ပုဂံစားကိုယ်ကစ၍ တစ်မြို့လုံးကို သစ္စာတော်ပေးသည်။

ယင်းသို့မှ ဘယနန်သူနှင့် ဇေယျကျော်ကို မြို့စောင့် ခန့်တော်မူ၍၊ ငသရောက် တူးရွှင်းတိုင်, ကျောက်ပန်းတောင်း, စဦကူ, စလေ, ပခန်းငယ်သို့ ချီတော်မူ၍ ဆင်, မြင်း, လူသူတို့ကို သိမ်းယူတော်မူမည်-စီရင်တော်မူစဉ်၊ ထိုထိုသို့သောမြို့ကို စားသော မြို့စားပေါင်းတို့သည် လက်ဆောင်လက်နက်အများဆက်၍ ကျွန်တော် ခံလာကုန်သည်။

၂

ဤသို့ ဤသို့သော အရေးတော်ပေါ်ခိုက် ဟံသာဝတီဆင်ဖြူများရှင်သားတော် ညောင်ရမ်းမင်းတရားညီတော် 'သတိုးမင်းရဲဇေယရာဇ်' ကို နောင်တော်က ဟံသာဝတီသို့ စေတော်မူရာ၊ စက်တော်ရာ ၂ ဆူကို အဖူးအမြော်ဝင်တော်မူ၍ မင်းမှုတော် လစ်လပ်သည်နှင့် အမျက်တော်ရှိသဖြင့်၊ သနားတော်မူရင်း 'သတိုးဘွဲ့'နှင့် ဆင်, မြင်း, ရဲမက်, လက်နက်တို့ကို နုတ်သိမ်းပြီးလျှင် 'မင်းရဲဇေယရာဇ်'ဘွဲ့နှင့် စက်တော်ရာဘုရားတွင် 'အစောင့်အကြီး' ထားတော်မူ၍၊ ထိုမင်းဇေယရာဇ် မရှိလျှင်-

mgyoe.com

mgyoe.com SAMPLE BOOK


ငှင်းသား ငထွေး။

ငှင်းသား ငအောင်။

ငှင်းသား ငကြင်။

ငှင်းသား ငကျွဲတိုင်။

'မင်းရဲဇေယရာဇ်' ဘွဲ့နှင့် အရံစောင့်လူတို့တွင် အကြီးအအုပ် ပြုလုပ်စောင့်ရှောက်ရကြောင်း။

ငကျွဲသားငကုလား ဆက်ခံအုပ်ချုပ်စဉ် အလောင်းမင်းတရား အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် 'မင်းရဲ'ဘွဲ့ကိုနုတ်၍ 'ဇေယရာဇ်'ဘွဲ့နှင့်

- ငကျွဲသား ငကုလား။
- ငကုလားသား ငပေါစ။
- ငပေါစသား ငကေး။
- ငကေးသား ငထွန်းစံ။
- ငထွန်းစံသား ငရွှေဘို။

မန္တလေးမြို့တည်နန်းတည် မင်းတရားကြီးလက်ထက်ရောက် စောင့်ရှောက်အုပ်ထိန်းကြရကြောင်း။

မင်းအဆက်ဆက် လှူတော်မူသည့် လယ်ယာများမှာ ဒသမဘာဂ ၁၀ ဖို့ ၁ဘို့ ကောက်ခံပြီးလျှင် စက်တော်ရာ ၂ ဆူတွင် ပျက်ပြားယိုယွင်းသည်ကို ပြင်ဆင်လုပ်ဆောင်၍ ကြွင်းကုန်သည်ကို အရန်အစောင့်အကြီးတို့ စားသုံးရကြောင်း။– အစောင့်အကြီးတို့ ထွက်ဆိုသည်။

[ဘွဲ့အမျိုးမျိုးရှိသည့်အနက် 'သတိုး'နှင့် 'နေမျိုး'ဘွဲ့ ၂ မျိုး အကြောင်းသိဖို့ ကောင်းပါသည်။ 'သားချစ်သတိုး၊ ကျွန်နေမျိုး' ဟူသောဆိုရိုး ရှိပါသည်။]

မင်းညီ မင်းသားများက သတိုး ဘွဲ့ကို လိုလားကြသည်။ သတိုးဘွဲ့မှာ စစ်ရေးသူကောင်း အဓိပ္ပာယ်ဆောင်သောကြောင့် မင်းမျိုးမင်းဆွေများက နေမျိုး ဘွဲ့ထက် သတိုး ဘွဲ့ကို ပို၍ လိုလားကြသည်။

နေမျိုးဘွဲ့မှာ 'မျိုးကောင်းရိုးကောင်း' အဓိပ္ပာယ်ဆောင်သောကြောင့် မှူးကြီးမတ်ကြီးများက သတိုး ဘွဲ့ထက် နေမျိုး ဘွဲ့ကို ပို၍ လိုလားကြပါသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဘုရင်မင်းမြတ်က သားတော်, ညီတော်တို့အား ချစ်လျှင် သတိုးဘွဲ့ကို ပေးပါသည်။ မှူးကြီးမတ်ကြီးတို့အား ချစ်လျှင် သတိုးဘွဲ့ကို ပေးပါသည်။ မှူးကြီးမတ်ကြီးထဲက 'သတိုး'ဘွဲ့ရသူ ရှိလျှင်လည်း ဂုဏ်သိက္ခာ အလွန်ကြီးပါသည်။

ဘွဲ့များနှင့်ပတ်သက်၍ အခြားမှတ်သားစရာ အကြောင်းတစ်ခု ရှိပါသေးသည်။ ရှင်ဘုရင်တစ်ပါး ပေးခဲ့သော ဘွဲ့မည်, ထီး, စည် စသော အသုံးအဆောင်များမှာ လက်ရှိဘုရင်က ထပ်၍မပေးလျှင် မည်သူမျှ ဆက်လက်၍ မသုံးဆောင်ရ။ သို့ရာတွင်- ဘွဲ့များမှာမူကား 'တွင်စေ' ဟူ၍ ပေးခဲ့လျှင်၊ နောက်ရှင်ဘုရင်က ထပ်၍ မပေးသော်လည်း ပေးခဲ့ရင်းအမည်ကို အတည်ပြု၍ သုံးစွဲနိုင်သည်။

'သနားတော်စံစေ' ဟု ပေးသောဘွဲ့များမှာ ပေးရင်း ရှင်ဘုရင်မရှိလျှင် နောက်ရှင်ဘုရင်လက်ထက်တွင် မသုံးရ။]

၃

သာမန်အချိန်အခါတွင် အမှုတော် ကျေကုံလင့်ကစား အရေးတော်ပေါ်ခိုက် ဝိသေသအချိန်အခါတွင် အရေးတော် မကြေကုံသောကြောင့်, ပေါ့လျော့သောကြောင့် ဘုရားပုထိုးအစောင့်အနေဖြစ်ရသော မှတ်တမ်းများလည်း ရှိပါသည်။

''ငှင်းသား ၁၁၁၅-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်နေ့ ဉာဏ်တော်မြင်ဦးဘုရားကို သဲပုံစုသဏ္ဍာန် တည်ထား၍ ထီးတင်တော်မူသည်။

လှော်ကားပဲ့နင်း သွေးသောက်ကြီး ငစံရာ, ငထွေး, ငမြတ်သာ, ငပုံ, ငစိန်ပန်း, ငရွှန်း, ငကြီး, ငချမ်းသာ, ငစံအောင်, ငထွန်းစံ, ငတိုးကြွယ်, ငထွန်းဝ, ငစံသူ, ငမြတ်ရာတို့နှင့် လူပေါင်း ၁၆ ဦးကို ရွှေဆံတော်ဘုရားမှာ အမိန့်တော်စာတမ်းနှင့်တကွ ပယ်နယ်နိမိတ် သားမှတ်၍ အစောင့်အနေ လှူတော်မူသည်။

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူ လှသော ဆဒ္ဒန်ဆင်မင်းသခင် လက်နက်စကြာအရှင် အပြည်ပြည်ထောင်သောမင်းတို့ဘုရင် အရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။ လှော်ကားတော်အစု အမှုထမ်း ၁၆-ဦးတွင် 'မင်းလှော်ကား' ဘွဲ့ခံသူ သတိုးကြွယ်၊ 'ရန်အောင်ကျော်' ဘွဲ့ခံသူ ငတိုးကြွယ်၊ 'ရန်အောင်ကျော်ခေါင်' ဘွဲ့ခံသူ

mgyoe.com SAMPLE BOOK

လက်ယာသွေးသောက်ကြီး ငစံရာ၊ 'ရန်အောင်ကျော်ထင်' ဘွဲ့ခံသူ လက်ဝဲသွေးသောက်ကြီးငထွေးတို့နှင့် လူပေါင်း ၁၆ ဦးသားတွင် ဖွားမြင်ပွားစီးသည့်သူများကို

အမှုတော်ကို ရဲရင့်ခိုင်ခံ့ တည်ကြည်စွာ တိုက်လံထမ်းရွက်သူ ဖြစ်ပြီး သော်လည်း ရေမြေသခင် ဘဝရှင်မင်းတရားကြီး အရေးတော်၌ ပေါ့လျော့သူ ဖြစ်၍

ကိုယ်စားတော်စား တည်ထားတော်မူသော ရွှေဉာဏ်တော်မြင်ဦးဘုရား၊ ကိုယ်စားတော်စား တင်ထားလှူတော်မူသော ရွှေဆံတော်ဘုရား ကောင်းမှုတော်မြတ် ၂ ဆူမှာ သင်ပုတ်တော်တင်, ဆီမီးထွန်း, တံမြက်လှည်း, စည်တီး, ခေါင်းလောင်းထိုး၊ ရွှေဆံတော်ဘုရားရင်ပြင်တော်တွင် ဝတ်တော်နယ်မြေ တောင်ရံ ၉ လုံးနှင့်တကွ ရွှေကရားနှင့် ရေစက်သွန်းချ၍ လှူတော်မူသည်။ ဘုန်းတော်ကြီးလှတော်မူသော ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ၁၁၁၅ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် မွန်းလွဲ ၃ ချက်တီးအချိန်တွင် မင်းလှော်ကား ငတိုး, ငကြွယ်, ငထွေးတို့ကို အမှုုအကြီးခန့်အပ်၍၊ 'သီရိရာဇာဓမ္မ' ဟူ၍ ဘွဲ့သစ်တပ်မှတ် သနားတော်မူသည်။'-

အဆောင်မြဲ သံတော်ဆင့်မင်းနန္ဒကျော်ထင်မှတ် အမိန့်တော်။

၁၂၂၁-တန်ခူးလပြည့် ကျီးသဲလေးထပ်ဆရာတော် စီရင်ပြီး ပြည်ရွှေဆံတော်သမိုင်း။ ဂ်က-ဂါ။ ၁၀-ကြောင်း ရေးပေ။ ကြဲဆစ်။ မူချပ်။

မှီးရာကျမ်းများ

၁- မှန်နန်းတတိယတွဲ။

၂- မန်းရွှေစက်တော်ရာနှစ်ဆူသမိုင်း-ဦးဘိုးခန့်။
ကြည်ဝင်းပုံနှိပ်တိုက်။ ၁၃၂၂ ခု။ ရန်ကုန်။

၃- ပြည်ရွှေတော်သမိုင်း(ပေမူ)-ကျီးသဲလေးထပ်ဆရာတော်။

၄- စံပြကျမ်း ဒုတိယပိုင်း နှာ-၃၇။
ပုဂံဝန်ထောက်မင်း ဦးတင်။

အတွေးအမြင်။ ၁၉၈၅- ဩဂုတ်။

mgyoe.com

www.mgyoe.com SAMPLE BOOK

## မယ်တော်မဒ္ဒီ

၁

အပျောက်အရှ ကို ရှာဖွေရခြင်း၊ မျှော်ရခြင်း၊ 'လူမလာ စာမပါးသဖြင့် ဘာများ ဖြစ်ပါလိမ့်' ဟု မတင်မကျ ဖြစ်ရခြင်းများသည်ကား မီး ၁၁ ပါးတွင် သောကနယ်အဝင် အပါ စေတသိကဒုက္ခဆိုးကြီးများ ဖြစ်ကြပါသည်။

မယ်တော်မဒ္ဒီသည် သားကလေး ဇာလီကိုလည်း မတွေ့ရ၊ သမီးကလေး ကဏှာဇိန်ကိုလည်း မတွေ့ရ။ နေ့က တိုးခဲ့ရသော ပင်ပန်းနွမ်းနယ်မှုများနှင့် ဆက်လျက် ညဘက် ကျသောအခါလည်း တစ်ညဉ့်လုံး ဒေါင်းတောက်အောင် သားသမီးကလေးများကို ရှာသည်။ တက်လိုက်ဆင်းလိုက် ထောင့်စပ်အောင် မနေမနား သွားသည်။ သောက လှိုက်ခုန် တုန်တုန်ယင်ယင် ဖြစ်နေသည်။

လား ... လား ... အလောင်းတော်ကြီး ဝဿန်မင်းတရားကတော့ အတွင်း သားတွေက ငြိမ်နေမည် မဟုတ်သော်လည်း၊ ငုတ်တုတ်ကြီး အေးစက်စက်နှင့် လေးဘက် လေးတန်ကို ဘာမျှမမှု။ သူ့မှ ဘာမျှ မချောက်ချားသလို ကျောက်သားရုပ်ကြီးအဟန် မှန်မှန်ကြီးလုပ်၍ နေတုန်းပင်။ ဤသို့ မတုန်မလှုပ်လုပ်နေခြင်းပင်လျှင် မယ်တော်မဒ္ဒီ အား သားကလေး, သမီးကလေးများကို မနားမနေ ရှာဖွေနေဖို့ ဖန်တီးပေးထားသည်နှင့် တူနေပေသည်။

မယ်တော်မဒ္ဒီ၏ သောကသည်ပင် သူမ၏ ပရိဒေဝကို ဖြစ်စေသည်။ သောက ပရိဒေဝနယ်ကို ကျော်လွန်သွားသောအခါ ဥပါယာသ (ရှိုက်ငင်ဟိုက်ဖို ငိုပင် မငိုနိုင်တော့ သော) အခြေသို့တိုင်အောင် ရောက်သွားပြီးနောက်၊ မဒ္ဒီသည် ဆောက်တည်၍မရ (ရွှေ ငှက်ပျောပင်ကို ဖြတ်လိုက်သည့်နှယ်) မြေဝယ်လည်း(လဲ)ကျသွားလေတော့သည်။

 yoe.com SAMPLE BOOK 

သည်တော့မှ အလောင်းတော်ကြီး ပျာယီးပျာယာ ဖြစ်တော့သည်။ သည်တော့မှ ဝေဿန္တရာမင်းကြီး ကိုယ်ရောစိတ်ပါ လှုပ်ရှားလာတော့သည်။ မဒ္ဒီကို သတိ မရရအောင် လုပ်တော့သည်။

"မင်းဝေဿန် - ကလေးတွေ ဘယ်မှာလဲ။" သတိရလာသောအခါ မယ်တော် မဒ္ဒီက သည်မေးခွန်းကိုပဲ ဦးစားပေး မေးသည်။

သည်တော့မှ မင်းမြတ် ဝေဿန်က "ဒေဝီမိဖုရား - ဇကဿ၊ တစ်ယောက်သော။ ဗြာဟ္မဏဿ၊ ပုဏ္ဏားအား။ ဒါသတ္တာယ၊ ကျွန်အလို့ငှာ။ ဒိန္နာ၊ လှူလိုက်ပြီ။" ဟု တိုတို အဖြေပေးသည်။

အဖြစ်မှန်ကို သိရပြီ ဆိုလျှင် ဘယ်အခြေအနေသို့ပဲ ဆိုက်ဆိုက် အလိုက်အထိုက် ရင်ချောင်သွားပါပြီ။ မဒ္ဒီက အလောင်းတော်ကြီးအား ဤသို့လျှင် သံမှန်နှင့် မေးသည်။

"မင်းကြီး - သားကလေး, သမီးကလေးတွေ လှူပြီးတဲ့နောက် တစ်ညဥ့်လုံး ဒေါင်းတောက်အောင် ရှာလိုက်ငိုလိုက် ငိုလိုက်ရှာလိုက် လုပ်နေရတဲ့ ဘုရားကျွန်တော်မ အား မင်းကြီး ဘာကြောင့် အကြောင်းမှန် ဖွင့်မပြောတာလဲ။"

အဖြစ်အပျက် အကြောင်းအရာတိုင်းမှာပင် တိမ်ယောင်နှင့်နက် နက်ယောင်နှင့် တိမ်၊ အမြင်မှာ ရက်စက်ဟန် ရှိသော်လည်း အတွင်းအနှစ်သာရက ငဲ့ကွက် သက်ညှာခြင်း အပြည့်အဝရှိသော မင်းကြီးဝေဿန်၏ ပြန်ကြားပုံမှာ ဤသို့ပါတည်း။

"မဒ္ဒီ - မဒ္ဒီမိဖုရား - အာဒိယေနေဝ၊ အစစွာကလျှင်။ ဒုက္ခံ၊ စိတ်ဆင်းရဲအံ့သော အကြောင်း မကောင်းသောစကားကို။ အက္ခာတုံ၊ ပြောကြားအံ့သောငှာ။ န ဣစ္ဆိတိ၊ ငါ အလိုမရှိ။"

ဤသို့ ဝေဿန်မင်းမြတ် ဖြေကြားပြီးနောက်ပိုင်း မယ်တော်မဒ္ဒီ ဆက်ပြောသော စကားမှာ အားရဖွယ် အံ့အားသင့်ဖွယ် ဖြစ်ပါသည်။

"မင်းကြီး - 'သားသမီးကိုပင် လှူခြင်း' ဆိုတဲ့ မြင့်မြတ်လှစွာသော ဒါနကို သာဓု ခေါ်ပါ၏။ ဝမ်းမြောက်လှပါ၏။ လှူပြီးသော ဒါနအတွက် ဘာမှ စိတ်မကွက်ပါနှင့်။ ဆထမ်းပိုး တိုး၍တိုး၍သာ လှူတော်မူပါ မင်းကြီး။ အရှင်မင်းကြီးသည် မလှူရက် မစွန့်ရက် လက်ဆိုင်း နေတတ်သော လောကကြီးထဲမှာ လက်ရဲလက်သွက် ရက်ရက် ရောရော လှူနိုင်သူ စွန့်လွှတ်နိုင်သူပါ။ ချစ်စွာသော သားသမီးကလေးများကိုပင် ပုဏ္ဏား တစ်ယောက်အား လှူခဲ့သူပါ။"

mgyoe.com

mgyoe.com SAMPLE BOOK

၂

'ကြင်ရာမျောက်သား မိဖုရားမဒ္ဒီနှင့် မင်းကြီးဝေဿန္တရာတို့ အတိုင်အဖောက် ညီညီနှင့် ဒီအတိုင်း ဆက်သွားမှဖြင့် မဒ္ဒီမိဖုရားကို လူညံ့တစ်ယောက်ယောက် အလှူလာခံ လိုက်လျှင် ပါသွားချေသေးရဲ့'-ဟု တွေးမိသော သိကြားမင်းက ပုဏ္ဏားအယောင်ဆောင် အလှူခံ၊ ဝေဿန္တရာမင်းကြီးအားပင် မဒ္ဒီမိဖုရားကို ပြန်အပ်၊ သိကြားမင်းဖြစ်ကြောင်း ကိုယ်ထင်ပြ၊ လိုရာဆုတောင်းနိုင်ကြောင်း ပြောပြသဖြင့် သိကြားမင်းထံမှာ ဝေဿန္တရာ မင်းကြီး ဆု ၈ ပါးကို တောင်းလေသည်။

၁- ဤဝင်္ကပါတောမှ မိမိနေရာသို့ ပြန်ရောက်သောငါ့ကို ငါ့ခမည်းတော်သည် ဝမ်းမြောက်ဝမ်းဘာ မင်းပြုစေရန် ဖိတ်မံန္တက ပြုပါစေသတည်း။
၂- လူလူချင်း သတ်ဖြတ်ခြင်းကို မနှစ်သက်ရလိုပါ။ သတ်ထိုက်သူ လူမိုက် လူသွမ်းကိုပင် မသတ်မဖြတ် လွှတ်ပစ်နိုင်ရပါလို၏။
၃- ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် လူမှန်သမျှ ငါ့ကို မှီ၍ အသက်မွေး ပါစေသတည်း။
၄- သူတစ်ပါးသားမယားကို မပြစ်မှားမိသည့်ကိုယ် ဖြစ်ရပါလို၏။ ကိုယ်ပိုင် မယားကိုသာ တရားနှင့်အလျော် ပျော်ပျော်ကြီး နှစ်သက်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။ မိန်းမခြယ်လှယ်ရာ မခံရသည့်ကိုယ် ဖြစ်ရပါလို၏။
၅- ကျွန်ုပ်၏သားသည် တရားနှင့်ညီစွာ ပြည်ရွာကို အုပ်ချုပ်နိုင်သည်၊ သက်တော်ရာကျော် ရှည်သည်-ဖြစ်ပါစေချင်၏။
၆- အရုဏ်ကျင်း၍ အလင်းသို့ရောက် မိုးသောက်ချိန် တိုင်သောအခါ နတ်တို့ အစာ ပေါ်လာပါစေသတည်း။
၇- ပေး၍မကုန် လှူ၍မခန်း ဖြစ်ရပါလို၏။ လှူဒါန်းပြီးမှ နောင်တတစ်ဖန် ပူပန်ခြင်း မဖြစ်ရပါလို။ လှူစဉ်လှူဆဲ ရွှင်လန်းနှစ်သက် ရက်ရက်ရောရော ကြည်ကြည်လင်လင် ဖြစ်ရပါလို၏။
၈- ဤဘဝမှ စုတေမနေ သေလွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်ရ လို၏။ တုသိတာနတ်ပြည်မှ စုတေပြန်သော် တစ်ဖန်တစ်ဘဝ မဖြစ်ရတော့ သည့်ကိုယ် ဖြစ်ရပါလို၏။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရပါလို၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ဤ ၈ ချက်ကို သိကြားထံမှ ပန်ယူလိုက်ရသည့်ပြင် သိကြားမင်းထံမှ အလွန် ထူးခြားသော အဟောအပြော သတင်းကောင်းစကားကိုလည်း ကြားနာရ၏။

"မဟာရာဇ၊ မြတ်သောမင်းကြီး။ အစိရံ၀တ၊ မကြာမီပင်။ တေ၊ သင်မင်းကြီး ၏။ ပိတာ၊ ခမည်းတော်သည်။ တံ၊ သင်မင်းကြီးကို။ ဒဋ္ဌုံ၊ ဖူးမြင်အံ့သောငှာ။ တတော၊ ထိုစေတုတ္တရာပြည်မှ။ ဧဿတိ၊ လာလတ္တံ့သတည်း။ (လာပြီး၍ကား သင်မင်းကြီးအား ထီးဖြူကို ပေး၍၊ နိုင်ငံကို ဆောင်နှင်း၍ စေတုတ္တရာပြည်သို့လျှင် ပြန်လည်ခေါ်ဆောင်လတ္တံ့။ ထိုသို့ခေါ်ဆောင်သဖြင့် အားလုံးအလိုဆန္ဒ အပြည့်အဝ ရကြလတ္တံ့။ မင်းကြီး မစိုးနောင့် မကြောင့်ကြပါလင့်။ မမေ့မလျော့ မပေါ့မဆသာ နေတော်မူပါ။)

ဇူဇကာသည် ဇာလီနှင့် ကဏှာဇိန်တို့ကို ခေါ်ဆောင်၍ ကလိင်္ဂတိုင်း အမိတ္တာ ပုန် ရှိရာဆိုဟူ၍ မှန်းသော်လည်း နတ်တို့ပဲ့ရာ စေတုတ္တရာပြည်ဘက်သို့သာ ခရီးနှင်ခဲ့မိ လေ၏။ ယူဇနာ ၆၀ ကွာလှမ်းသောခရီးကို လခွဲ (၁၅ ရက်) ဖြင့် ရောက်လေ၏။

(ဝင်္ကပါနှင့် စေတုတ္တရာ ယူဇနာ ၆၀– မိုင်ပေါင်း ၄၈၀ ခန့်ကို ၁ ရက်–၃၂ မိုင်ခန့် ခရီးပေါက်သည်ဟု ဆိုနိုင်ပေသည်။)

၃

စေတုတ္တရာမြို့သို့ ဇူဇကာပုဏ္ဏား ဆိုက်ရောက်သောနေ့ ညမိုးသောက်ယံ၌ သိဥ္စည်းမင်းကြီး အိပ်မက် မြင်မက်၏။ အိပ်မက်ပုံကား ဤသို့တည်း။

'မင်းကြီး တရားဆုံးဖြတ်ရာနေရာ၌ နေစဉ် လူနက်နက်တစ်ယောက် ကြာ ၂ ပွင့် ဆောင်ယူခဲ့၍ မင်းကြီးလက်မှာ လာထား၏။ မင်းကြီးသည် ကြာ ၂ ပွင့်ကို တစ် ဖက်တစ်ပွင့် နားမှာ ပန်၏။ ထိုကြာ ၂ ပွင့်တို့၏ ဝတ်မှုန်သည် လျှော၍ မင်းကြီးရင်ခွင်၌ ကျ၏။'

မင်းကြီးသည် နိုးလာပြီးနောက် စောစောစီးစီးပင် ပုဏ္ဏားတော်တို့ကို မေး၏။

အိပ်မက်သည် မြင်ဖူး (ဒိဋ္ဌ), ကြားဖူး (သုတ), တွေ့ဖူး (အနုဘူတ), တောင့်တ (ပတ္ထိတ), စိတ်ကူးယဉ် (ကပ္ပိတာ)– မြင်ဖူးခြင်း စသော အကြောင်း ၅ မျိုးကင်း၍ ကောင်းခြင်း–ဆိုးခြင်း တကယ်ဖြစ်မည့် (ဘာဝိကာ)၊ လေ, သည်းခြေ, သလိပ်–အကြောင်း ၃ပါးတို့ကြောင့် ဖြစ်သော (ဒေါသဇ) အိပ်မက် ဟူ၍ အိပ်မက် ၇

mgyoe.com

မျိုး ရှိသည်။ ပထမ ၅ မျိုးသည် အကျိုး မပေးတတ်။

အိပ်မက်ကို အကောင်း-အဆိုးခွဲဖို့ မလွယ်ကူပေ။ ပုံစံတစ်ခု ပြပါမည်။

သူတစ်ပါးမိန်းမကို အိပ်မက်ထဲမှာ ရခြင်း။ သူတစ်ပါးမိန်းမကို ဖက်ပွေ့နမ်းရှုပ်ရသည့် အိပ်မက်ခြင်း။ လက်ထိတ်ခြေထိတ် အခတ်ခံရသည့် အိပ်မက်ခြင်း။ မစင်လူးသည့် အိပ်မက်ခြင်း။ ပြည့်ရှင်မင်းကို မြင်ရသည့် အိပ်မက်ခြင်း။ မိတ်ဆွေများကို တွေ့ရသည်၊ ဘိသိက်သွန်းခံရသည်၊ ခေါင်းဖြတ်ခံရသည်၊ သေသည်၊ မီးကိုင်ရသည်၊ အိမ်မီးလောင်သည်၊ ရေထဲ ကူးနေရသည်၊ တွင်းထဲကျင်းထဲ ကျနေသည်၊ အိမ်မှာ ဆင်မ, မြင်းမ, နွားမ သားကျသည်၊ ဆင်ပေါ် တက်စီးရသည်၊ ငိုရသည်-ဟူသော အိပ်မက်များသည် နိုင်ငံကို စိုးမိုးအုပ်ချုပ်ရမည့် နိမိတ်ကောင်း အိပ်မက်ကောင်းများ ဖြစ်သည်ဟု 'သုပိနပ္ပကာသိကာ' မည်သော အိပ်မက်ကျမ်း ဂါထာအမှတ် ၁၀၆, ၁၀၇, ၁၀၈, ၁၀၉, ၁၁၀ တို့တွင် ဆိုသည်။

ပုဏ္ဏားတော်တို့က အိပ်မက် ဖတ်ကြသည်။

"မင်းကြီး- မင်းကြီး၏ ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုးထံက ရောက်လာလိမ့်မည်။"

ပုဏ္ဏားတော်များ ဖတ်သည့်အတိုင်း မြေးတော် ဇာလီနှင့် ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏား ဆောင်ယူ၍ မြေးတော်များ မင်းရင်ပြင်မှာ ရောက်လာကြသည်။ 'ဇူဇကာပုဏ္ဏားကို နတ်ပဲ့သည်' ဟု ဆိုသည်။

ဘိုးတော် သိဋ္ဌည်း, ဘွားတော် ဖုသသတီတို့က ဇူဇကာပုဏ္ဏားထံမှ မြေးတော်များကို ဝေဿန္တရာမင်းကြီး စံနှုန်း သတ်မှတ်လိုက်သောအတိုင်း ရွေးယူကြသည်။ ဇူဇကာပုဏ္ဏားသည် ဆင်, မြင်း, နွား, လား, ရွှေစင်အားဖြင့် လေးပါးတစ်ရာ၊ ဒါသဒါသီ၊ ရာစီအရွေးဥစ္စာ ပေး၍ ဘိုးတော်သိဋ္ဌည်း, ဘွားတော်ဖုသသတီတို့ ကဏှာဇိန်အတွက် ရွေးသော ဥစ္စာများ၊ ရွှေစင် ၁ ထောင်ပေး၍ ဇာလီအတွက် ရွေးသောဥစ္စာများကို ရသည့်ပြင် စေတုတ္တရာ မင်းနေပြည်တော်၌ နေအိမ်ကိုပါ ရသည်။

ထိုည ဇူဇကာသည် 'တစ်လျှောက်လုံး ပင်ပန်းခဲ့ရ ငတ်ခဲ့ပြတ်ခဲ့ရသည်များကို အတိုးချ၍ တဝကြီး စားလိုက်မည်၊ ဖိမ်ခံလိုက်မည်' ဟု အလွန်အကျွံ စားလိုက်မိရာ၊ ထိုညပင် ဇူဇကာ ကိစ္စချောသည်။

mgyoe.com

ဘိုးတော်၊ ဘွားတော်၊ ဇာလီ၊ ကဏှာဇိန်၊ ဖွားဖက်တော် ၆ သောင်း၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်အပေါင်းတို့သည် စေတုတ္တရာမှ ဝင်္ကပါအထိ ယူဇနာ ၆၀ ရှည်လျားသော ခရီးကို အလံ ၁၆၀ မျှအကျယ် မင်းလမ်း ကြီးဖောက်ကာ မင်းကြီးဝေဿန္တရာနှင့် မဒ္ဒီမိဖုရားတို့ရှိရာ ဝင်္ကပါဆီသို့ ထွက်ခွာခဲ့ကြသည်။ မုစလိန္ဒာအိုင်ရှိရာအရပ် ဝင်္ကပါသို့မရောက်မီ ခရီးစခန်း တစ်ထောက်နား၍ တပ်ချသည်။ ၁ သောင်း ၄ ထောင်သော ရထားတို့ကို လာလမ်းဘက် လှည့်ထားသည်။

၄

ထိုအခါ ဝေဿန္တရာမင်းကြီးသည် ထိုဆင်သံ၊ မြင်းသံ စသော အသံများကို ကြားရ၍ 'ဘယ်လိုလဲ။ ငါ့ရန်သူတွေ ငါ့ခမည်းတော်ကို သတ်ပြီး ငါ့သတ်ဖို့များ လာကြလေသလား။' ဤသို့လျှင် သေဘေးကို တွေးကြောက်ရကား မဒ္ဒီကို အဖော်ခေါ် တောင်ပေါ်သို့တက်၍ တပ်တောင်တာ့ ဗိုလ်ထုကြီးကို လှမ်းကြည့်တော်မူလေ၏။

"မဒ္ဒီမိဖုရား- ငါ တိုက်တွန်း၏။ ကြည့်ရှုစမ်းပါလော့။ တောကြီးထဲ၌ အာဇာနည်မြင်းတို့သည် ဟီကုန်၏။ တံခွန်တွေကိုလည်း မြင်ရ၏။

"မဒ္ဒီမိဖုရား- တော၌ သားအပေါင်းတို့ကို မုဆိုးတို့သည် ပိုက်တို့ဖြင့် ရံ၍၊ ချောက်သို့ချ၍ ထိုခဏ၌လျှင် ဆဲရေးကုန်လျက် ထက်သောလှံတို့ဖြင့် ထိုသားအပေါင်းတို့တွင် ဆူသည်ထက်ဆူသော (ဆူရရာ) သားကောင်ကို သတ်ကုန်သကဲ့သို့ ဤသူတို့သည် ငါတို့ကို သတ်လေကုန်ယောင်တကား။ ငါတို့သည် အပြစ်မရှိကုန်။ ပြည်မှနှင်ထုတ်အပ်ကုန်သည်ဖြစ်၍ (အနှင်ခံအနေအားဖြင့်) နေကြကုန်၏။ ဤသို့နေသည်ဖြစ်ပါလျက် ရန်သူ့လက်သို့ ရောက်ခဲ့ကုန်၏။ အားမရှိသူကို (အားမရှိသလို) ညှဉ်းဆဲအံ့သည်ကို ရှုပါလော့ (ကြည့်စမ်းပါဦး)။"

ဤသို့လျှင် ဘုရားလောင်းသည် သေအံ့သည်ကို ကြောက်သဖြင့် မြည်တမ်း၏။

မဒ္ဒီမိဖုရားသည် ဘုရားလောင်း၏ စကားကို ကြား၍၊ တပ်တောင်တာဗိုလ်ထုကို ကြည့်၍၊ 'မိမိတို့၏ တပ်တောင်တာဗိုလ်ထုသာ ဖြစ်ရာ၏။'-ဟု ဘုရားလောင်းအား နှစ်သိမ့်စေလိုသည်ဖြစ်၍ ဤစကားကို ဆိုလေ၏။

"မင်းကြီး- မြက်မီးရှူးသည် ပင်လယ်ရေကို မလွှမ်းမိုးနိုင်သကဲ့သို့ ရန်သူတို့သည် သင်မင်းကြီးကို နှိပ်စက်နိုင်ကြမည် မဟုတ်ပါ။ 'သင်ဖခမည်းတော် လာလိမ့်

mgyoe.com

မည်’ ဟူသော သိကြားမင်း ပြောသွားသောစကားကိုလည်း တွေးပါ၊ စဉ်းစားပါဦးလော့။ စင်စစ် ဤဗိုလ်ပါအပေါင်းမှ ဘေးရန်ဖြစ်စရာ ကျွန်ုပ်တို့မှာ မရှိပါ။ ချမ်းသာခြင်းသာ ဖြစ်စရာ ရှိပါသည်။’’

ထိုသို့ မဒ္ဒီ နှစ်သိမ့်တော့မှ အစိုးရိမ် လျော့ပါး၍၊ မဒ္ဒီမိဖုရားနှင့်အတူ တောင်ပေါ်မှ ဆင်းခဲ့၍ ကျောင်းသင်္ခမ်းတံခါး၌ ထိုင်နေလေ၏။ မဒ္ဒီမိဖုရားသည်လည်း သူ့ကျောင်း သင်္ခမ်းတံခါး၌ ထိုင်နေလေ၏။

ထိုအချိန်တွင် သိဋ္ဌည်းမင်းကြီး တစ်ယောက်တည်း ပထမ ဝင်လာသည်။ ခမည်းတော် သိဋ္ဌည်းမင်းကြီးကို သားတော် ဝေဿန္တရာမင်းကြီးက ခရီးဦးကြို၍ ရှိသေစွာ ရှိခိုးသည်။ ယောက္ခမ သိဋ္ဌည်းမင်းကြီးကို ချွေးမတော် မဒ္ဒီမိဖုရားက ခရီးဦးကြို၍ ရှိသေစွာ ရှိခိုး၏။ မင်းကြီးသိဋ္ဌည်းသည် သား,ချွေးမ-၂ ယောက်လုံးကိုပင် ဦးထိပ်ထက် နမ်း၍ လက်ဖြင့် ကျောပြင်ကို အသာအယာပွတ်သပ်လေ၏။

ခမည်းတော် သိဋ္ဌည်းမင်းကြီးက သားတော် ဝေဿန္တရာမင်းအား ‘ဝင်္ကပါတောင် ဝှမ်း၌ နေရသည်မှာ အနေအထိုင်အစားအသောက် အစစအရာရာ အဆင်ပြေ-မပြေ’ မေးမြန်းတော်မူသည်။ ဝေဿန္တရာမင်းသည် ခမည်းတော်၏အမေးကို ဤသို့ ပြန်ကြား ဖြေဆိုပါသည်။

‘‘ဖခင်မင်းကြီး- အကျွန်ုပ်တို့၏ အသက်မွေးခြင်းသည် ဟုတ်ဟုတ်ငြားငြား ယုတ်မာစွာ၏။ (ဖြစ်သလို တော်ရုံလျော်ရုံပါပဲ) ဆင်းဆင်းရဲရဲ ကသီလင်တ နိုင်လှပါ သည်။ သစ်ရင်းသစ်သီး ရှာမှီးခြင်းဖြင့် အသက်ရှင်ကြရပါသည်။

‘‘မင်းကြီး- ရထားထိန်းက မြင်းကို ဆုံးမသကဲ့သို့ မပြည့်စုံမှု ဆင်းရဲမှုက မပြည့်စုံသူ ဆင်းရဲသူကို ဆုံးမပါသည်။ ဘုရားအကျွန်ုပ်တို့သည် ဆင်းရဲကြကုန်သည် ဖြစ်၍ ယဉ်ကျေးကြပါကုန်၏။ မပြည့်စုံမှုက ကျွန်ုပ်တို့အား ယဉ်ကျေးအောင် ဆုံးမဖော် ရပေ၏ဘုရား။’’

Adversity Breaks in a Man. Just as a Charioteer Breaks in a Horse Adversity. O King, Has Tamed us here.

နောက်- မယ်တော်ဖုဿတီ ဖိနပ်မစီးဘဲ ဝင်လာသည်။ ခမည်းတော်သိဋ္ဌည်း ဝင်လာစဉ်ကဲ့သို့ပင် ခရီးဦးကြို ရှိသေစွာ ရှိခိုးကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

နောက် သားတော် ဇာလိ, သမီးတော် ကဏှာဇိန်တို့ သတို့သား, သတို့သမီး များခြံရံလျက် ဝင်လာကြ၏။ မဒ္ဒီသည် သားတော်, သမီးတော် လာမည့်လမ်းကို ကြည့်လျက်ပင် ရပ်နေ၏။ မဒ္ဒီသည် ကျန်းကျန်းမာမာလာကြသော သားတော်, သမီးတော်ကလေးများကို မြင်ရသောအခါ ရပ်တည်မနေနိုင်တော့ဘဲ နွားသားငယ်ဆီသို့ အမိနွားမသည် မြည်တမ်းလျက် ပြေးသွားသကဲ့သို့ မြည်တမ်းလျက် ပြေးသွားလေ၏။ သားတော်, သမီးတော်များလည်း မယ်တော်ကိုမြင်၍ ငိုကြွေးမြည်တမ်းလျက် မယ်တော် မဒ္ဒီသို့ ရှေးရှုပြေးဝင်ကြလေ၏။

"မဒ္ဒီမိဖုရားသည် အဝေးမှ ချမ်းသာစွာ လာလတ်ကုန်သော သားသမီးတို့ကို မြင်၍ နတ်ဝင်မကဲ့သို့ တုန်လှုပ်လျက် နို့ရည်အလျဉ်တို့ကို သွန်းဖျန်းလေ၏။"

မဒ္ဒီမိဖုရားသည် သည်းစွာသောအသံဖြင့် ငိုကြွေး၍ တုန်လှုပ်လျက်မိန်းမော သည်ဖြစ်၍ အလျားလိုက် မြေ၌လည်း (လဲ)ခဲ့လေသတတ်။ သားတော်, သမီးတော် ကလေးများလည်း လျင်စွာပြေးသွား၍ မိန်းမောကုန်လျက် မယ်တော့်အပေါ်မှာ လည်း (လဲ)ကျကုန်၏။ ထိုခဏ၌ မဒ္ဒီမိဖုရား၏ သားမြတ် ၂ ဖက်တို့မှ နို့ရည်အလျဉ်သည် ထွက်ကုန်၍ သားတော်, သမီးတော်တို့၏ ခံတွင်းဖြင့်လျှင် ဝင်လေကုန်သတည်း။

အတွေးအမြင်။ အမှတ် ၁၄၊ ၁၉၈၅- စက်တင်ဘာ။

mgyoe.com

mgyoe.com SAMPLE BOOK

## နန္ဒယော်ဓာ

၁

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဘဝရှင်မင်းတရားကြီးဘုရား။ နန္ဒယော်ဓာကို နန္ဒကျော်ထင်, သက်ရှည်နော်ရထာ, မဟာတရဖျား တို့နှင့်ဖက်၍ ဝန်ကြီး ခန့်ထားတော်မူသည်။ နန္ဒယော်ဓာကို ဝန်ကြီးဖက်၍ ခန့်တော်မူကြောင်းလည်း နန္ဒယော်ဓာသည် နောင်တော်မင်းတရားကြီးတွင် ငယ်ကျွန်တော်ဖြစ်၍ အတွင်းတော်တွင် ဝတ္တိစပါး* စေပါသုံးဆောင်တော်မူ၍ ညဥ့်နေ့မပြတ် မြဲစွဲထမ်းရွက်ရလေသည်။ နောင်တော်မင်းတရားကြီး အသနားတော်မြတ်ကို မခံရလေသေး။ ငါ့လက်ထက်တော်တွင်လည်း ညဥ့်နေ့မပြတ် မြဲစွဲထမ်းရွက်ပေသည်။'

**နန္ဒယော်ဓာ ဝန်ကြီးခန့် မှတ်စာပြန်တမ်း**

နန္ဒယော်ဓာဝန်ကြီးခန့် မှတ်စာပြန်တမ်း၌ –

'နန္ဒယော်ဓာကို နန္ဒကျော်ထင်, သက်ရှည်နော်ရထာ, မဟာတရဖျားတို့နှင့် ဖက်၍ ဝန်ကြီးခန့်တော်မူသည်။' ဟု ဆိုသည်။

မှန်နန်း၊ တတိယတွဲ၊ နှာ ၂၃၉ ၌ –

'ဝန်ရှင်တော် ဘယဂါမဏိ၊ ဗညားကျန်းတော ခန့်ရင်းတွင် နန္ဒယော်ဓာကို ဝန်ဘက်တော်မူသည်။' ဟု ဆိုသည်။

* ဝတ္တိစပါး = ဝတ်လဲတော်၊ ထိပါးလုမျှ ရင်းရင်းနှီးနှီး။

mgyoe.com

mgyoe.com
SAMPLE BOOK


ထို နန္ဒယော်ဓာကား 'မဟာဓမ္မရာဇာ' အမည်တော်ရှိသော အနောက်ဘက် လွှန်မင်းတရားကြီး ပြည်မြို့ကို လုပ်ကြံတော်မူသောကာလ၊ ပြည်မြို့ပျက်လျှင် ပြည်မင်း ရန်နိုင်စားအနီးတွင် ဓားလက်နက်စွဲ၍ မင်းတရားကြီးကျွန်တို့ကို ဟန့်တားသည့် ၁၃နှစ် အရွယ်ရှိသော 'ငထင်ငယ်' ပင်တည်း။

ထိုသူငယ်ကို အနောက်ဘက်လွှန်မင်းတရား 'ကျေးဇူး သစ္စာတော် စောင့် သည်၊ ကျွန်ကောင်းမှန်သည်။'-ဟု နေပြည်တော်သို့ ရောက်လျှင်၊ "ပြည်ကို ငါ သိမ်းယူသည်။ ရှင်တစ်ဆူ လူတစ်ယောက်သာ ရသည်။"-ဟု အမိန့်တော်ရှိသည်။ 'ရှင်တစ်ဆူကား 'တိပိဋကာလင်္ကာရ တောင်ဘီလာကျော်'ကို ဆိုသည်။ လူတစ်ယောက် ကား 'နန္ဒယော်ဓာ' ကို ဆိုသည်။'-ဟု အာစရိယဝံသ စာတမ်းတွင် ဆိုသည်။

ညီတော် ရွှေနန်းရှင်မင်းတရား(သာလွန်မင်း) နန်းတက်တော်မူဦးက- 'ငထင် မှာ မဟာတရဖျားဘွဲ့ကို ခံစေ။' အမိန့်တော်ရှိသည်ကို "ဘုရားကျွန်တော်ထက် အထူးထမ်း ရင့်မာသာလွန်သူတို့ ငထင်ငယ်ကို ဘွဲ့ကြီးပေးလေသည်။' ဟု ဝမ်းနည်းရပုံ ရှိပေသည်။ ငယ်မည်နှင့်ပင် အမှုတော်ကို ထမ်းပါမည်။"-ဟု ကိုယ်ကို နှိမ့်ချ၍ လျှောက်ခြင်း။ ရွှေနန်းတော်သို့ဝင်လျှင် အိမ်က ၁-ကြိမ်၊ နန်းမြို့တံခါးတွင် ၁-ကြိမ်၊ နန်းတော် လှေကားဝတွင် ၁-ကြိမ်၊ ၃-ကြိမ် အရှင်ကို မပြတ်ရှိခိုးလေ့ပြုခြင်း။ 'အရည်အချင်း ရှိသသူတို့ကို ပဏ္ဏာငွေကြေးမယူ သူကောင်းပြုတော်မူပါ။'-လျှောက်ထားလေ့ရှိခြင်း။ ဓမ္မသတ်၊ ပုံပြင်၊ ရာဇဝင်၊ ထုံးတမ်း ကျမ်းဘိ နားလည်သူတို့ကိုခေါ်၍ နှီးနှော ပြောဆိုပြီးလျှင် ဆုလာဘ်ကြေးငွေ၊ အထည်အလိပ် ပေးလေ့ရှိခြင်းနှင့် ပြည့်စုံသည်ဟု ရှေးသူဟောင်းတို့ မှတ်သားသော စာတမ်းတွင် ဆိုသည်။

နန္ဒယော်ဓာလည်း ပြည်မြို့ကိုရလျှင် ပြည်စားတွင် ပျက်စီးသည်တိုင်အောင် အတူမြဲသည်နှင့် နောင်တော်မင်းတရား (အနောက်ဘက်လွှန်) အတွင်းတွင် စေတော်မူ သည်ဖြစ်၍ အကြောင်းမျိုးကို တွေ့မြင် သိမီ အဝါးဝသည်။ ကျေးဇူးသစ္စာစောင့်သည်၊ ငါ ယုံမှတ်တော်မူ၍ ဝန်ကြီးခန့်တော်မူသည်။ ဟု အမိန့်တော်ပြန်ကမ်းတွင် ဆိုသော ကြောင့် 'နန္ဒယော်ဓာ'ကား 'ဘယဂါမဏိ'တူ 'ငထင်' ဖြစ်ကြောင်း သိရသည်။

mgyoe.com

၂

နန္ဒယော်ဓာ ဝန်ကြီး ဖြစ်ခဲ့ပြီ။

၁၃–နှစ်သားက စ၍ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ရပြီးနောက် သက္ကရာဇ် ထောင်ပြည့်(၁၀၀၀)–အသက်အရွယ် ၄၃–နှစ်လောက်ကျမှ အထွတ်အထိပ်သို့ ရောက်ရသည်။

နန္ဒယော်ဓာ ဝန်ကြီးခန့် မှတ်စာပြန်တမ်း အရဆိုသော် အနောက်ဘက်လွန် မင်းတရားသည် ငထင်ငယ်အပေါ်တွင် 'လူတစ်ယောက်'ဟု အထင်ကြီးခဲ့သော်လည်း၊ တစ်သက်လုံးမှာပင် 'အသနားတော်မြတ်ကို မခံရလေသေး' အခြေအနေမှာပဲ ရှိခဲ့ရသည်။

'ဝန်ကြီးနန္ဒယော်ဓာ' ဖြစ်မည့် ငထင်ငယ်သည် တိုက်ပွဲအဆင့်ဆင့်တွင် ထင်ရှားခဲ့သူ ဖြစ်သည်။ သူရသတ္တိလည်း ရှိခဲ့သည်။ အသိအလိမ္မာ ဉာဏ်ပညာရှိသူလည်း ဖြစ်သည်။ တာဝန်ကို သိ၊ သတိဝီရိယလည်း ရှိသည်။

နန္ဒယော်ဓာသည် ဝိဓူရဇာတ် ရာဇဝသတိခန်းလာ အဆုံးအမများနှင့် ညီညွတ်သူဖြစ်၍၊ (ဘဝနိဂုံး အဆုံးသတ်မလှသော်ငြားလည်း) ယနေ့တိုင် ကောင်းသတင်း ကျော်စောလျက် ရှိပေသည်။

'န ဟိ ရာဇကုလံ ပတ္တော၊
အညာတော လဘတေ ယသံ။
နာ သူရော နာတိ ဒုမ္မေဓော၊
န ပမတ္တော ကုဒါစနံ။ ။'

'အယျာ၊ ချစ်သားတို့။ ဟိ၊ သင့်စွ။ ရာဇကုလံ၊ မင်းအိမ်သို့။ ပတ္တော၊ ရောက်လေသော။ အညာတော၊ မထင်ရှားသော ကျေးဇူးရှိသော သူသည်။ ယသံ၊ စည်းစိမ်ချမ်းသာကို။ န လဘတေ၊ မရရာ။ အသူရော၊ ကြောက်ရွံ့တတ်သော သဘောရှိသော သူသည်လည်း။ ယသံ၊ ကို။ န လဘတေ၊ ရာ။ အတိဒုမ္မေဓော၊ အလွန်ပညာနည်းသော သူသည်လည်း။ ယသံ၊ ကို။ န လဘတေ၊ ရာ။ ကုဒါစနံ၊ ပမတ္တော၊ မေ့လျော့တတ်သော သူသည်လည်း။ ယသံ၊ ကို။ န လဘတေ၊ ရာ။'

[၁၀၉၉–ခု ဝါဆိုလဆန်း ၁ ရက် ကြာပတေးနေ့၊ ညချမ်းအချိန် စီရင်ပြီး။ မြိုင် နီသာယ။]

mgyoe.com

ဤသည်ကိုရည်၍ -

အမရပူရပထမ မြို့တည် နန်းတည် မင်းတရားလက်ထက် အတွင်းဝန် နေမျိုးသီဟသူရဆို၊ "ဖန်နန်းရတနာ၊ နေစကြာလျှင်၊ ထောင်ရာသိန်းသန်း၊ လှည့်လည်ထွန်းသို့"ချီ ရာဇဝသတိလင်္ကာ၌ -

"ရည်မှန်းအောင်ဆု၊ နိမိတ်ပြုလျက်၊
ဇမ္ဗူလယ်ချက်၊ ဗွေထိပ်ထက်ဝယ်၊
ညောင်ရွက်လျှံလူ၊ ရိပ်ဖြူရတနာ၊
ဖြန့်မိုးကာမှ၊ ဘုံသာနန်းလယ်၊
စိုးစံပယ်သည်၊ ဘုန်းကြွယ်သနင်း၊
မင်းတို့ထံပါး၊ ရှိညွတ်တွား၍၊
ရှည်လျားကာလ၊ နေ့ညကြိုးပမ်း၊
မှုတော်ထမ်းလည်း၊
ဂုဏ်စွမ်းရည်သွား၊ မထင်ရှားဘဲ၊
လန့်ကြားကြောက်ငြင်၊ ရဲအင်မရှိ
မြင်သိပညာ၊ နည်းစွာလွန်းလှ၊
ကိစ္စကြီးငယ်၊ ပြုဖွယ်စုံစေ့၊
ရှိသရွေ့ကို၊ မေ့မေ့ကျန်ကျန်၊
ပေါ့တန်မူရူ၊ ဖြစ်ချေမူကား၊
လွယ်ကူကောင်းစွာ၊ သင့်လှည့်ပါလည်း၊
ခွင့်ရာမတိုး၊ ပန်းနှယ်ညှိုးလိမ့်။
ရှေးရိုးလမ်းလျှောက်၊ သည်ကိုထောက်၍၊
ဂုဏ်မြောက်ပေါ်ထင်၊ ရဲအင်ပြည့်စုံ၊
လောက်လုံပညာ၊ လွန်စွာသတိ၊
အမြဲရှိက၊ ကြီးဘိစည်းစိမ်၊
ရိပ်ငြိမ်ချမ်းသာ၊ အရာရာသည်၊
သောက်ဝါနေသို့ ပြောင်ရွှန်းတည်း။""-ဟု စပ်ဆိုသည်။

ဝန်ကြီးနန္ဒယော်ဓာသည် တာဝန်ကို သိ၊ သတိဝိရိယလည်း ရှိသည်။ သို့သော်

mgyoe.com

'လွန်စွာသတိ၊ အမြဲရှိ' မဟုတ်ဘဲ 'တစ်ရံတစ်ဆစ်' လစ်ခနဲ ဖြစ်သွားသောအခါ-

'အမြင့်မင်းရှင်တရုတ်လည်း နန်းကိုရလျှင် ဝန်ရှင်နန္ဒယော်ဓာ, ဓေယသခ်, ဝင်းမှူး ၄ ဦးတို့ကို ဥပါယ်တံမျဉ်နှင့် ခေါ်၍ ရောက်လျှင် အမြဲထားသည်။''

မဟာရာဇဝင်ကြီး။ တတိယအုပ်။ နှာ-၂၄၆

၁၀၀၉-ခုနှစ်၊ သာလွန်မင်းတရားကြီးအား သားတော်အမြင့်မင်း ပုန်ကန်မှုတွင် အဝိုက်မိသွားရာမှ ဖြောင့်မတ်စွာရှိလာခဲ့သော နန္ဒယော်ဓာ၏ ဘဝသံတိုင်ကြီးသည် ညွှတ်ယိုင် လဲပြိုသွားရှာလေသတည်း။

အတွေးအမြင်။ ၁၉၈၅- အောက်တိုဘာ။

mgyoe.com

mgyoe.com SAMPLE BOOK



## ကျေးဇူးတစ်ချက် တစ်သက်မမေ့

၁

ပြည်သို့ ချီမည်ကို စီရင်ခန့်ရန်တော်မူသည်။

ကြည်းကြောင်းမှာ-

၁- ရာဇသင်္ကြံ ၁ တပ်။

၂- ဘယကျော်ထင် ၁ တပ်။

၃- ဘယကာမဏိ ၁ တပ်။

၄- သီဟပတေ့ ၁ တပ်။

၅- စည်သူကျော်ထင် ၁ တပ်။

၆- သီရိဓမ္မာသောက ၁ တပ်။

၇- ညီတော်မင်းရဲသိခ်ံသူ ၁ တပ်။

သည် ၇ တပ်ကို- တိုက်ဆင် ၄၀၀၊ မြင်း ၆၀၀၀၊ စစ်သည် စစ်သူရဲ ၇ သောင်းနှင့် ကြည်းကြောင်း ချီရသည်။

ရေကြောင်းမှာ-

၁- ဘယသင်္ကြံ ၁ တပ်။

၂- နန္ဒယော်ဓာ ၁ တပ်။

၃- မဟာတရာ့ဖျား ၁ တပ်။

၄- သီရိဇေယနော်ရထာ ၁ တပ်။

၅- သခ်ံယာ ၁ တပ်။

၆- မင်းမဟာ ၁ တပ်။

၇- သည်ကမှ ဘဝရှင်မင်းတရားကြီးဘုရား ရွှေဖောင်တော်စီး၍ ချီတော်မူသည်။

mgyoe.com

တပ်မတော်နှင့်တကွ ပေါင်း ၇ ထပ်တွင်ပါသည်။ ကတ္တူ၊ လွန်းကြင် စသော လေ့ ၄ကလေ့ ၄၀၀၊ လော့ကားသံလေ့ ၃၀၀၊ ရိက္ခာတင် ကုန်လေ့ ၁၂၀၀၊ စစ်သည် သူရဲ ၇ သောင်းနှင့် သက္ကရာဇ် ၉၆၉ (ကိုးရာခြောက်ဆယ့်ကိုး) ခု တန်ဆောင်မုန်း လဆန်း ၄ ရက် တနင်္လာနေ့ ချီတော်မူသည်။

မြေထဲ(သရက်)သို့ ရောက်တော်မူလျှင် မြေထဲမြို့တွင် ခံ၍နေသော ပြည်လေ့ တပ်ကို ရှုပ်ရှုပ်ချွံချွံ လုပ်ကြံတော်မူသည်။ လေ့တပ်ပျက်၍ ဆုတ်လေသည်။ လေ့တပ် ပျက်လျှင် မြေထဲမြို့ကို ကြည်း၊ ရေ၊ ဝန်းရံ၍ လုပ်ကြံတော်မူသည်။ တစ်ခဏချင်းပျက်၍ မြေထဲမြို့ကို ရတော်မူသည်။

ယင်းကမှ ပြည်သို့ ချီတော်မူသည်။ ပြည်က ချီလာသော ရွှေ့ဖျားမြင်းတပ် ပျက်၍ ဆုတ်လေသည်ကို ရဲမက်တော်တို့ ထပ်၍လိုက်လေသည်။ မြို့ရင်းသို့ရောက်လျှင် မြို့(ရိုး)ကို တက်သည်။ မြို့စီးပြစီးများသည်နှင့် ပြောင်းသေနတ် ထုထပ်လှသောကြောင့် အထိအပါး အရှအနများလျှင် ဆုတ်၍၊ မြို့ကို ကြည်း၊ ရေ၊ ဝန်းရံ၍ နေတော်မူသည်။

ပြည်ဘုရင်လည်း အဝမင်းချီလာစက ရခိုင်ဘုရင်သို့ စစ်ကူတောင်းရလေသည်။

'ပြည်ဘုရင်' ဆိုသည်မှာ ရန်နိုင်စား၊ 'အဝမင်း' ဆိုသည်မှာ အနောက်ဘက် လွန်၊ 'ရခိုင်ဘုရင်' ဆိုသည်မှာ မင်းရာဇာကြီး။

မရောက်လာသောကြောင့် မြို့ကို ခိုင်လုံအောင်လုပ်၍ ခံလေသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း (အဝမင်း) ရခိုင်သို့ ပဏ္ဏာကာရ(လက်ဆောင်)နှင့် အရေး အရာ စေတော်မူသည်။

ပြည်မြို့ကို ရံတော်မူ၍ ၈ လ ခန့်ရှိလျှင် (အဝမင်း) ဤသို့ အမိန့်တော်ရှိသည်။

"တပ်မှူး၊ စစ်ကဲအပေါင်းတို့သည် အမှုတော်ကို ကြိုးစားအားထုတ်၍ မထမ်းသောကြောင့် အရေးတော် ပြီးခဲသည်။ နက်ဖြန်နံနက် ဆင်သည်၊ မြင်း သည်၊ ခြေသည်အပေါင်းတို့သည် ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်း မြင်းနှင့်၊ ခြေသည်လည်း တူးရှင်း လေ့ကားနှင့် မြို့ရင်းသို့ ချဉ်း၍တက်စေ။ အမိန့်တော်အတိုင်း မတည်လျှင် ကြီးစွာသောအကွပ်တော်ကို ခံရလိမ့်မည်။"

-ဟူ၍ တပ်တိုင်းအမိန့်တော် ပြန်ရသည်။

**ဆင်သည်=ဆင်တပ်၊ မြင်းသည်=မြင်းတပ်။ ခြေသည်=ခြေလျင်တပ်။**

တပ်မှူး၊ စစ်ကဲအပေါင်းတို့လည်း မိုးသောက်လျှင် ဆင်၊ မြင်း ကစေ၍၊

mgyoe.com

mgyoe.com

အံမိန့်တော်အတိုင်းတည်အောင် မြို့ရင်းသို့ချဉ်း၍ သူ(တစ်ဖက်)က လွတ်သော(ပစ်ခတ်သော)အမြောက်၊ သေနတ်ကို ပမာဏမမှတ်(ဂရုမစိုက်)။ မြို့(မြို့ရိုး)ကို တက်ကုန်သည်။

ဤသို့ လုပ်ကြံလျှင် ပြည်မြို့ မခံနိုင်၍ သက္ကရာဇ် ၉၇၀ (ကိုးရာ့ခုနစ်ဆယ်ပြည့်) ဝါခေါင်လဆန်း ၁၁-ရက် အင်္ဂါနေ့ ပျက်သည်။

ပြည်ဘုရင်သည် မြို့ပျက်သော်လည်း အညံ့မခံ၊ ရာဇပလ္လင်သို့တက်၍ နန်းမြို့က ခံပြန်လေသည်။ ရဲမက်အပေါင်းလည်း နန်းမြို့တွင်းသို့ အနိုင်ဝင်မှ ဓားလက်နက်ကို ချ၍ အညံ့ခံသည်။

ယင်းသောအခါ ဘယဂါမဏိတူ- အသက် ၁၃ နှစ်သာရှိသောသူသည် "**သူ့ကျေးဇူးသစ္စာ နှင့် ဖြစ်ချေသည်။ အသက်ပင် သေသော်လည်း ငါ့အရှင် ရာဇပလ္လင်တွင် သေပေစေတော့။ ငါ့အရှင်ကို ငါသေမှ ထိပါးရမည်။**"-ဟူ၍ ဓားတစ်ဖက်တစ်စင်းနှင့် ရဲမက်တို့ကို ဆီးကာ၍ ဟန့်နှင့်သည်ကို ဦးရီးတော် (အမိမောင်) ဘယဂါမဏိမြင်လျှင် "ဟယ်-ငထင်။ လူပျိုလူရွယ် ပီသသည်။ မြို့ပျက်၍ ပြည်အလုံးကို သူ့ရဲမက်ဖြစ်ပြီးမှ တစ်ယောက်တည်းသာခံ၍ တတ်နိုင်မည်လော။ ဓားလက်နက်ကို ချ၍ အညံ့ခံပေတော့။"-ဟစ်၍ဆိုရာတွင် "**သူ့ဆန်ကို စားသောကြောင့် ရဲရတော့သည်။**" ဆို၍ လက်နက်ကိုချသည်။

[ငထင်ဟူသည် သာလွန်မင်းတရားလက်ထက်တွင် 'နန္ဒယော်ဓာ' ဟူသော အမည်ဖြင့် ဝန်ကြီး ဖြစ်လာသူတည်း။ ထိုနန္ဒယော်ဓာကား 'မဟာဓမ္မရာဇာ' အမည်ရှိသော အနောက်ဘက်လွန်မင်းတရား ပြည်မြို့ကို လုပ်ကြံတော်မူသောကာလ ပြည်မြို့ပျက်လျှင် ပြည်မင်း ရန်နိုင်စားအနီးတွင် ဓားလက်နက်စွဲ၍ မင်းတရားကြီး ကျွန်တို့ကို ဟန့်တားသည့် အသက် ၁၃ နှစ်အရွယ်ရှိသော ငထင်ငယ်ပေတည်း။ ထိုသူငယ်ကို အနောက်ဘက်လွန်မင်းတရားက 'ကျေးဇူး,သစ္စာတော် စောင့်သည်၊ ကျွန်ကောင်းမှန်သည်။'ဟု နေပြည်တော်သို့ ရောက်တော်မူလျှင် "ပြည်ကို ငါသိမ်းယူသည်။ ရှင်တစ်ဆူ၊ လူတစ်ယောက်သာရသည်။'ဟု အမိန့်တော်ရှိသည်။ ရှင်တစ်ဆူကား တိပိဋကာလင်္ကာရ တောင်ဘီလာကျော်ကို ဆိုသည်။ လူတစ်ယောက်ကား နန္ဒယော်ဓာကို ဆိုသည်ဟု အာစရိယဝံသစာတမ်းတွင် ဆိုသည်။ ဤအတိုင်းမှန်လျှင် အနောက်ဘက်လွန်မင်းတရားသည် ရှင်အဖိုးတန်မှန်း၊ လူအဖိုးတန်မှန်း သိတတ်သော မင်းကောင်းမင်းမြတ် တစ်ပါးဟု ယူမှတ်ဖွယ်ရာ အကြောင်းရှိပေသည်။

mgyoe.com

သို့ဖြစ်ပါက အာစရိယဝံသစာတမ်း(ဇချပ်)၌ ဆိုထားသော အောက်ပါ အကြောင်းအရာကို စဉ်းစဉ်းစားစား ချိန့်ချိန့်ဆဆ ယုံသင့်မှယုံရမလို ဖြစ်နေပါသည်။

'မဏိကုဏ္ဍလကို ပြုသည်လည်း ပေါရိသာဒကို အမတည်၍ ပြုသည်။ ပေါရိသာဒသည် လူသားကိုစားသောကြောင့် 'ငါ့မိကို စားလေသည်'-ဟူ၍ လူအားလုံး ငိုကုန်သည်။ ချုံထဲမှာ နေရသည်။ လူကိုပင် အတွေ့မခံရ၊ ယခု အနောက်ဘက်လွန် မင်းတရားလည်း 'အတွင်းသား' ဟူသရွေ့ကို သတ်ညှစ်၍ ပစ်သည်များသည်။ ငါ့အစ်ကိုကို သတ်လေသည်။ ငါ့ညီကို သတ်လေသည်။ -ဟူ၍ မနှစ်သက်သသူသာ များသောကြောင့် လူမျိုးဖြစ်လျက် လူကို ညှဉ်းဆဲသည်၊ မသင့်။-ဟူ၍ မဏိကုဏ္ဍလဝတ္ထုဖြင့် အနောက်ဘက်လွန်မင်းတရားကို ဆုံးမမည်ဟု ပြုတော်မူသည်။'

၂

ပြည်ဘုရင်လည်း 'ရာဇပလ္လင်ထက်တွင် သေပစေတော့၊ ငါမဆင်းပြီ။' အမှတ်ရှိ၍နေသည်ကို ဝန်ရှင်တော်တို့က အကြိမ်ကြိမ် ခေါ်သည်ကိုလည်း မလာ နေသည်။ မြင်းသည်တော်တစ်ယောက်က 'ကျွန်တော် သာယာစွာပါအောင် ခေါ်ပါမည်။' လျှောက်၍ ခေါ်ရလေသည်။

မြင်းသည်တော်သည်လည်း ပြည်မင်း နန်းတော်သို့ ရောက်လျှင်၊ 'ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အကြည်တော် ဘဝရှင် မင်းတရားက ကိုယ်တော်ကို ဖူးတွေ့တော်မူလို၍-' လျှောက်မှ 'သို့သော်ကား ငါ မနေသာချေ။'-ဆို၍ အတွင်းမြဲ ကွမ်းခွက်, ကွမ်းရေကိုင် တစ်ကျိပ် ကျော်ခန့်နှင့် လိုက်လာသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ခမည်းတော်ဘုရား မှာတော်မူခဲ့သည်နှင့်အညီ၊ ပြည်မင်းနှင့် မိဖုရားကို အလုပ်ကျွေး လူ ၁၀၀-ကျော်ခန့်နှင့် နေပြည်တော်အဝသို့ ပို့၍ တော်သလင်းတဲတော်ဆိပ်တွင် ကောင်းမွန်စွာ တဲနှင့် နေစေသည်။

ပြည် ရန်နိုင်မင်းလည်း တော်သလင်းတဲတော်ဆိပ်တွင် တဲနှင့် နေရသည်။ တစ်နေ့သ၌ မိမိဆင် ရေချလာသည်ကို မြင်လျှင် 'ဆင်ကို ရပါပြီတကား၊ သူ့ဆင် အစီး ၃၀-၄၀ ဝန်းရံသော်လည်း ငါ မကြောက်။' ဟူ၍ဆိုသည်ကို အစောင့်အနေ ခန့်သသူကို ကြား၍ လျှောက်လေလျှင်၊ 'ရန်နိုင်စားငယ်သည် နှလုံး မချချေသေး။ မိုး

mgyoe.com

ကောင်းသို့ ပို့လေတော့’- အမိန့်တော်ရှိ၍ မောင်နံ့ ၂ ပါးကိုပင် အလုပ်အကျွေးနှင့် မိုးကောင်းသို့ ပို့ရလေသည်။ စဥ့်ကူးမြို့သို့ရောက်လျှင် ‘ပြည်မြို့နှင့်တူသည်’-ဟူ၍၊ မျက်နှာကို လက်ဖုံး၍ ငိုသောဟူ၏။ မိုးကောင်းကင်သို့ရောက်လျှင် ရှည်ကြာမှ ကံအလျောက် ဖြစ်ကြလေသည်။

‘ခမည်းတော်ဘုရား မှာတော်မူသည်နှင့် အညီ’ ဆိုသည်ကား ဤသို့တည်း။

“သီပေါက အလွန်သို့ရောက်တော်မူလျှင် ခမည်းတော်ဘုရား (ညောင်ရမ်းမင်းတရား) ကိုယ်တော် မခံ့မသာ လေးလေးလံလံ ရှိတော်မူသောကြောင့် ခရီးကောက်သည် အမှတ် ရှိတော်မူ၍ ကင်းတား-ရွာင်ကြောင်း ဆင်းတော်မူသည်။ ရွှေသာလျောင်းတောင်သို့ ရောက်တော်မူလျှင် ထိုစခန်းတွင် သားတော်အိမ်ရှေ့မင်း (နှောင်-အနောက်ဘက်လွန်မင်း)ကို ဤသို့ အမိန့်တော်ရှိသည်။

“ငါသည် အနာမှ ထမြောက်တော် မူနိုင်မထင်။ ငါမရှိလျှင် မောင်တို့ညီနှောင် သုံးဦး ကြီးစဥ်ငယ်လိုက် မင်းပြုရစ်။ လူသွမ်းလူဆိုးတို့ စကားကို လိုက်နာ၍ အနှောင့်အယှက် မရှိစေကြနှင့်။”-အမိန့်တော်ရှိသည်ကို သားတော်အိမ်ရှေ့မင်းက “အမိန့်တော်ကို ဦးထိပ်ရွက်ပါမည်။”-လျှောက်၍ သစ္စာခံသည်။

ဤသို့လည်း အမိန့်တော် ရှိပြန်သည်။

“မောင့်ဘုန်း,လက်ရုံး,အာဏာနှင့် ရှေ့သို့ အပြည်ပြည်ထောင်သော မင်းတို့ကို နှိမ်နင်း၍ ခမည်းတော် ဆင်ဖြူရှင်နိုင်ငံတော်အလုံးကို သိမ်းယူရစ်လိမ့်မည်။ နှောင်ပြည်မြို့ကို လုပ်ကြံ၍ အလိုပြည့်လျှင် ရန်နိုင်စားကို မကွပ်မျက်ပါနှင့်။ ရန်နိုင်စားကျေးဇူး မောင်တို့ငါတို့တွင် ရှိချေသည်၊”-ဟူ၍ အမိန့်တော်ရှိသည်ကို သားတော်အိမ်ရှေ့မင်းက “ရန်နိုင်စားကျေးဇူး ကျွန်တော်တို့တွင် ပသို့။ ရှိပေသနည်း။”-ဟူ၍ နားတော်လျှောက်သည်ကို-

“မောင်တို့ငါတို့ ညောင်ရမ်းက ရတနာပူရသို့ချီ၍ တည်ထောင်စက ပြည်,တောင်ငူ ၂ ပြည်ထောင် ချီလာချေသော် အရေးအရာ မခက်ချေလော။ ယင်းသောအခါ ငါတို့တွင် မှူးကောင်းမတ်ကောင်း, ဆင်ကောင်းမြင်ကောင်း, သူရဲသူခက်ကောင်း မရှိချေသေး ဖြစ်သည်။ ပြည်ဘုရင်မင်းကြီးနှောင်းကို ရန်နိုင်စားလုပ်ကြံ၍ ပြည်မြို့ကို မင်းပြုပေသောကြောင့် အဝသို့ ၂ ပြည်ထောင် မချီဖြစ်လေ။ ယခုတိုင်အောင် ပြည်နှင့်

mgyan.com

တောင်ငူ တိုက်လံ၍ ရှိကြသည်။ မောင်တို့ငါတို့ကား ရှမ်းပြည်တစ်လွှားကို ချီ၍ ရလျှင် ယခု အားပြည့်ပေသည်။''-ဟူ၍ အမိန့်တော်ရှိသည်။

သားတော်အိမ်ရှေ့မင်းလည်း ''အမိန့်တော်ကို ဦးထိပ်ရွက်ပါမည်။''-ဟူ၍ လျှောက်သည်။

ဤသို့ မှာတော်မူစဉ်ပင် သက္ကရာဇ် ၉၆၇-ခု တပေါင်းလပြည့်ကျော် ၁၁-ရက် သောကြာနေ့သို့အဝင် ညဥ့် ၃-ချက်တီးကျော်တွင် လူ့ပြည်ငြီး၍ နတ်ပြည်စံတော်မူသည်။

ညောင်ရမ်းမင်းတရားလည်း ရန်နိုင်စား၏ကျေးဇူးကို သိသည်။ သိသည်နှင့် အမျှ ဖော်ကျူးသည်။ ကျေးဇူးသိသောကြောင့် 'ကတညူ' ဖြစ်သည်။ ကျေးဇူးကို ဖော်ကျူးသောကြောင့် 'ကတဝေဒီ' ဖြစ်သည်။

သားတော်အနောက်ဘက်လွှန်မင်းလည်း ခမည်းတော်ထံ အာမဝန္တံခံသော သစ္စာကို ခိုင်ခိုင်မြဲမြဲ ထိန်းစောင့်သည်။

ညောင်ရမ်းမင်းသည် 'ကျေးဇူးတစ်ချက် တစ်သက်မမေ့' သောကြောင့် 'ကမ္ဘာကုန်ကျွန်း၊ စံမော်ကွန်း၊ ဥဒါန်းခုံသက်သေ။'- ဖြစ်ပေတော့မည်တကား။

အတွေးအမြင်။ ၁၉၈၅- နိုဝင်ဘာ။

mgyoe.com

mgyoe.com SAMPLE BOOK 

## အဘာယဂါမဏိ

၁

'အဝတွင် ပွဲ ၃၀-ရသော အဘာယဂါမဏိမှာ ဘေးမရှိသောသူရဲ(ကောင်း) စစ်သူကြီးမင်းဟု အဓိပ္ပာယ်ယူသင့်သည်။'

ဝေါဟာရလီနတ္ထဒီပနီ၊ ၁၁-ဂါမဏိ။

မှန်နန်းကဲ့သို့သော ရာဇဝင်များဝယ် စာတစ်မျက်နှာတွင် နာမည်တစ်လုံးပါဖို့ မလွယ်ကူပါ။

'ဘယဂါမဏိ'ဟူသောအမည်ကို ဦးကုလား၊ မှန်နန်း စသော ရာဇဝင်တို့၏ စာမျက်နှာတော်တော်များများမှာပင် တွေ့ရပါသည်။ (အဘာယဂါမဏိတွင်အ-ချေ၍ 'ဘယဂါမဏိ' ခေါ်သည်။)

ဘယဂါမဏိသည် ဆင်ဖြူများရှင်လက်ထက်မှ သာလွန်မင်းလက်ထက်အထိ စစ်မှုထမ်းသည်။

သက္ကရာဇ် ၁၀၀၄ ခုတွင် ဘယဂါမဏိလွန်သည်။

၂

သက္ကရာဇ် ၉၄၁ ခု၊ ဆင်ဖြူရှင်သားတော်မဟာရာဇာ လင်းဇင်းသို့ ချီတော်မူခန်းမှစ၍ 'ဘယဂါမဏိ' နာမည် ထွက်လာသည်။

သက္ကရာဇ် ၉၆၂ ခု သီတင်းလဆန်း ၃ ရက်၊ သောကြာနေ့၊ ညောင်ရမ်းမင်းတရားလက်ထက် နေရာတော် မှတ်သောအခါ-

mgyoe.com

လက်ဝဲတော်နေ

၁- သီဟပတေ့ (အဦးနေ)
၂- ပဏ္ဍုကြာဘယ
၃- နန္ဒသကြဲ
၄- မဟာသခ်ိယာ
၅- ဘယကျော်ထင်
၆- လက်ယာရဲတိုင် (အဆင့်တက်လာသူ)
၇- မဟာတရဖျား
၈- လက်ဝဲနန္ဒမိတ်
၉- ရာဇသကြဲ
၁၀- နန္ဒယော်ဓာ (ဝန်ကြီး နန္ဒယော်ဓာ မဟုတ်)
၁၁- လက်ယာနန်သူ (အဆင့်တက်လာသူ)
၁၂- ဘယသကြဲ
၁၃- နန္ဒကျော်သူ။ ။အမတ် ၁၃။

လက်ယာတော်နေ

၁- စည်သူသီရိ (အဦးနေ)
၂- ဇေယနော်ရထာ
၃- သက်တော်ရှည်
၄- ဇေယကျော်သူ
၅- ဥဿရော
၆- ဇေယသကြဲ
၇- လက်ယာဇေယသူရ
၈- ဇေယသင့်ရဲ
၉- လက်ဝဲရန္တသူ (အဆင့်ကျလာသူ)
၁၀- ဘယဂါမဏိ
၁၁- လက်ဝဲဇလသကြဲ (အဆင့်ကျလာသူ)
၁၂- ဇေယနန္ဒ

mgyoe.com

 mgyoe.com SAMPLE BOOK 

၁၃- ဇေယနန္ဒသူ။ ။အမတ် ၁၃။

သက္ကရာဇ် ၉၆၃ ခုနှစ် တပေါင်းလဆန်း ၄ ရက် တနင်္ဂနွေနေ့။ ဗန်းမော်သို့ ညောင်ရမ်းမင်းတရားကြီး ချီတော်မူရာ ဘယဂါမဏိ တပ်မှူးတစ်ယောက်အဖြစ် အမှုတော် ထမ်းရသည်။

သက္ကရာဇ် ၉၆၅ ခု ဝါဆိုလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့။ မိုးနဲသို့ ညောင်ရမ်းမင်းတရားကြီး ချီတော်မူရာ ဆင်တပ်တွင် ဘယဂါမဏိ၏ တပ်တစ်တပ် ပါသည်။

သက္ကရာဇ် ၉၆၆ ခု တန်ဆောင်မုန်းလ။ မိုးကောင်းသို့ သားတော်အိမ်ရှေ့မင်း ချီရသည့် တပ်စဉ်တွင် ဘယဂါမဏိ၏ တပ်တစ်တပ် ပါသည်။

သက္ကရာဇ် ၉၆၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် တနင်္လာနေ့။ အနောက်ဘက်လွန်မင်း ပြည်သို့ချီရာ ကြည်းကြောင်းမှာ ဘယဂါမဏိ တစ်တပ် ပါသည်။

(ပြည်) မြို့ရင်းသို့ရောက်လျှင် မြို့ကို တိုက်၏။ မြို့စီးပြစီး ပြောင်းသေနတ် ထူထပ်လှသောကြောင့် အထိအပါး အရှုအနများလျှင် ဆုတ်၍၊ မြို့ကို ကြည်း, ရေ ဝန်းရံ၍ နေတော်မူသည်။

ပြည်ဘုရင်လည်း အဝဘုရင် ချီလာစက ရခိုင်ဘုရင်သို့ စစ်ကူတောင်းရလေသည်။ မရောက်လာသောကြောင့် မြို့ကို ခိုင်လုံအောင်လုပ်၍ ခံလေသည်။

ဘဝရှင်မင်းတရားကြီးလည်း ရခိုင်သို့ ပဏ္ဏာကာရ(လက်ဆောင်)နှင့် အရေးအရာ စေတော်မူသည်။

ပြည်မြို့ကိုဝန်းရံ၍ ၈ လခန့်ရှိလျှင် ဤသို့ အမိန့်တော်ရှိသည်။

"တပ်မှူး, စစ်ကဲအပေါင်းတို့သည် ငါ့အမှုတော်ကို ကြိုးစားအားထုတ်၍ မထမ်းသောကြောင့် အရေးတော် ပြီးခဲသည်။ နက်ဖြန်နံနက် ဆင်သည်, မြင်းသည်, ခြေသည် အပေါင်းတို့သည် ဆင်, မြင်း, တူးရွင်း, လှေကားနှင့် မြို့သို့ချဉ်း၍ မြို့(ရိုး)ကို တက်စေ။ အမိန့်တော်အတိုင်း မတည်ကြလျှင် ကြီးစွာသော အကွပ်တော်ကို ခံရမည်။"-ဟူ၍ တပ်တိုင်းအမိန့်တော်ကို ပြန်ရသည်။

တပ်မှူး, စစ်ကဲအပေါင်းတို့သည် မိုးသောက်လျှင် ဆင်, မြင်း ကစေ၍၊ အမိန့်တော်အတိုင်းတည်အောင် မြို့ရင်းသို့ ချဉ်း၍ သူကလွှတ်သော အမြောက်, သေနတ်ကို ပမာဏ မမှတ်။ မြို့ကို တက်ကုန်သည်။

mgyoe.com

ဤသို့လုပ်ကြံလျှင် ပြည်မြို့ မခံနိုင်၍ သက္ကရာဇ် ၉၇၀ ဝါခေါင်လဆန်း ၁ ရက် အင်္ဂါနေ့ ပျက်သည်။

ပြည်ဘုရင်သည် မြို့ပျက်သော်လည်း အညံ့မခံ ရာဇပလ္လင်သို့ တက်၍ နန်းမြို့က ခုခံ ပြန်သောကြောင့် ရဲမက်တော်အပေါင်းတို့သည် နန်းမြို့တွင်းသို့ ဝင်မိမှ ပြည်သားတို့ လက်နက် ချ၍ အညံ့ခံသည်။

ယင်းသောအခါ ဘယဂါမဏိတူ အသက် ၁၃ နှစ်သာရှိသော သူသည် 'ကျေးဇူး, သစ္စာနှင့် ဖြစ်ချေသည်၊ အသက်ပင်သေသော်လည်း ငါ့အရှင် ရာဇပလ္လင်တွင် သေပစေတော့။ ငါ့အရှင်ကို ငါသေမှ ထိပါးရမည်။' ဟု ဓားတစ်ဖက်တစ်စင်းနှင့် ရဲမက်တော်တို့ကို ဆီးကာ၍ ဟန့်နှင့်သည်ကို ဦးရီးဘယဂါမဏိ မြင်လျှင်-

"ဟယ်...ငထင်။ လူပျို့ရွယ် ပီသည်။ မြို့ပျက်၍ ပြည်အလုံးကို သူ့ရဲမက်ဖြစ်ပြီးမှ တစ်ယောက်တည်းသာခံ၍ တတ်နိုင်မည်လော။ ဓားလက်နက်ကို ချ၍ အညံ့ခံပေတော့။"-ဟစ်၍ ဆိုရာတွင်မှ 'သူ့ဆန်စား ရဲရတော့သည်။' ဆို၍ လက်နက်ကို ချသည်။

လူစွမ်းကောင်းတူဦးရီး ဆုံမိကြသော ပွဲကြီးပွဲကောင်းပေတည်း။

ဘယဂါမဏိသည် ပြည်တွင်းတိုက်ပွဲများ၌သာ မဟုတ်၊ ပြည်ပ တိုက်ပွဲများ၌လည်း ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့သည်။ အောင်ခဲ့သည်။ ထို့ကြောင့် 'ပွဲ ၃၀ ရသည်' ဟု စာဟောင်းများ၌ မှတ်တမ်းတင်ခံရသည်။

၃

တိုက်ပွဲ ၃၀ အပြင် အခြားအံ့ဖွယ်သူရဲ ပွဲ ၇ ပွဲလည်း ရှိသေးသည်။

၁- အမိ၌ ဘိုးဘွားမိဘ မိတ်စုံ၊ အဘ၌လည်း ဘိုးဘွားမိတ်စုံ၊ ကိုယ်၌လည်း ညီသားနှမအစုံ၊ မယား၌လည်း ဘိုးဘွားမိဘ စုံသည့်ပွဲ။

၂- ရွှေလွှတ်တော်သို့တက်လျှင် အသက် ၇၀-ပြည့်တိုင်အောင် အုံးကိုမမှီ တည်တံ့စွာနေခြင်းပွဲ။

၃- ၉၉၅ ခုကသည် အသက်ခန္ဓာ မဆုံးမီတိုင် ရွှေစည်းခုံဘုရားရှင်မှာ သိတင်းကျွတ်လတိုင်းလျှင် နှစ်စဉ်မပြတ် ဆီမီး ၁၀၀-ပြည့် ထွန်းခြင်းပွဲ။

၄- နီတိ ၅ စောင် ပါဠိအနက် မတုန့်မလိပ် ကျေပွန်အောင် ဆောင်နိုင်ခြင်းပွဲ။

လောကနီတိ၊ ရာဇနီတိ၊ မဟာရဟာနီတိ၊ တစ်ကျွန်းနီတိကို နီတိ ၅ စောင် ခေါ်သည်။[၁]

၅- ပညာရှိသူတစ်ဦး တံစိုးနှင့် ၇-ကြိမ် လှည့်ဖျက်သည်ကို မပါမလိုက် တည့်မတ်အောင်စီရင်၍ သူတကာတို့ ချီးမွမ်းရာ ရသည့်ပွဲ။

၆- 'အရှင့်ကျေးဇူးတော် ရှိပေသည်'-ဟူ၍ သံဃာတော်တို့ကို သက်တော် စေ့ရွှေလွှတ်တော်သို့ ပင့်၍၊ ပရိတ်တော်ကိုနာ၍ မွေးတော်နေ့တိုင်း ရွှေလွှတ်တော်မှာ ဆွမ်းမပြတ် ကျွေးခြင်းပွဲ။

၇- ကိုယ့်မယားမှတစ်ပါး အသိမ်းအပြောင် (အငယ်အနှောင်း)မထားခြင်းပွဲ။

* * *

၁- မိတ်စုံညီလျက်၊ ရှက်အသက်။

၂- လွှတ်တော်ခါဆီ၊ အုံးမမှီ။

၃- စေတီဆီမီး၊ ထိန်ထိန်ညီး။

၄- ပွန်းတီးနှုတ်ဆောင်၊ 'နီ' ငါးစောင်။

၅- လက်ဆောင်မစား၊ လွှန်ရိုးသား။

၆- မင်းဟာရားအတွက်၊ လွှတ်တော်ထက်၊
သက်စေ့ရှယ်ချူ၊ ဆွမ်းပန်းလှူ။

၇- ဖြူဖြူစိတ်ထား၊ မဆန်းပြား၊
တစ်မယားတစ်လင်၊ မြဲမြဲကြင်။
ခုနစ်အင်ပွဲ၊ ကြွံရခဲ၊
ထူးကဲဂါမဏိ၊ မတ်ခေါင်ထိ။

ကျမ်းကိုး

၁- ဦးကုလား- မှန်နန်းရာဇဝင်

၂- တောင်ငူရာဇဝင်
တောင်ငူမြို့ ကေတုမဏီစာပုံနှိပ်တိုက်၊ တိုက်တန်းရပ်၊ ၁၉၂၄၊ တောင်ငူရာဇဝင်နှင့် တောင်ငူ သမိုင်းဟောင်း၊ ပထမပုံနှိပ်လုပ်ဆောင်ခြင်း၊ ဆရာကြီးဦးပွား တည်းဖြတ်။

၃- ဝေါဟာရလိနတ္ထဒီပနီ

အတွေးအမြင်။ ၁၉၈၅- ဒီဇင်ဘာ။

၁။ မူလစာ၌ ၅ စောင်မပြည့်။ ရှာကြံမရ၍ သည်အတိုင်းထည့်။

mgyoe.com

mgyoe.com SAMPLE BOOK

# လှိုင်းမထသော ရေပြင်
သို့မဟုတ်
# စိတ္တဂုတ္တမထေရ်

၁

သီဟိုဠ်ကျွန်းအရှေ့တောင်ပိုင်း ရောဟဏတိုင်း အဝင်အပါ မဟာဂါမ(မာဂါမ) မြို့တော်၌ မင်းနှင့်ပြည်သူတို့ ကြည်ဖြူစွာ မှီတွဲ၍ ပြည်တဲသာယာသောအချိန် ဖြစ်သတည်း။

ထိုအချိန်တွင် သီဟိုဠ်ကျွန်းမြောက်ပိုင်း အနုရာဓမြို့တော်၊ အနောက်တောင်ပိုင်း ကလျာဏီယမြို့တော်တို့လည်း သူ့အတိုင်းအတာနှင့် သူ အသီးသီး ပြည်တဲသာယာသောအချိန် ဖြစ်သတည်း။

ကာယသမ္ပတ္တိ အခွင့်ကောင်းကို ရသဖြင့် မင်းနှင့်ပြည်သူ ရှင်,လူအပေါင်းတို့ ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချနိုင်ခွင့်ကိုလည်း တစ်ဆက်တည်း ရနေကြလေသတည်း။

ထိုမဟာဂါမမြို့တော်သည် ကိရိန္ဒီမြစ်နှင့် မဏိကက်ဂင်္ဂါမြစ် ၂ သွယ်အကြားတွင် တည်ရှိရုံမက၊ စိဒတ္တလတောင်, ပင်လယ်ကမ်းခြေတို့နှင့် မနီးမဝေး မလှမ်းမကမ်းလည်း ဖြစ်သတည်း။

'စိတ္တလတောင်' ဆိုသည်မှာ ဗုဒ္ဓဘာသာသာသနာဝင်၌ ထင်ရှားသောတောင် ဖြစ်သည်။ စိတ္တလတောင်ကိုမှီ၍ ယောဂီသူစင် ရှင်လူအများ တရားဘာဝနာ ပွားများအားထုတ်ကာ သီဟိုဠ်ကျွန်း၏အသရေကို ဆောင်ခဲ့ကြသည်မှာလည်း သာသနာဝင်၌ အထင်အရှား ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တောခြေတောင်ခြေ လူအနေဝေးရာ စိတ္တလတောင်ရိပ်ကိုမှီခိုသော ထိုထို လိုဏ်ဂူကြီးများအနက် လိပ်သရွေ (လိပ်ဆူးရွေ)ပင်များ ပေါသဖြင့် 'ကုရဏ္ဍက'အမည် ဖြင့် မှတ်အပ်သော လိုဏ်ဂူကြီးကို ပါဠိဘာသာဖြင့် 'ကုရဏ္ဍက မဟာလေဏ'-ဟု ခေါ်တွင်၏။

ထိုလိုဏ်ဂူကြီး၏ 'စိတ္တဂုတ္တ' မည်သော မထေရ်ကြီးတစ်ပါး သီတင်းသုံးခဲ့သည် မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပါပြီ။

ထို ကုရဏ္ဍက လိုဏ်ဂူကြီး၌ ဘုရား ၇ ဆူ တောထွက်ခန်း ဆေးရေးပန်းချီ များရှိကြောင်း ကြားဖူး၍ ရောက်လာကြသလော။ သို့မဟုတ်-လှည့်ရင်းပတ်ရင်း ကံအား လျော်စွာ ဖူးတွေ့ကြရသလော။ အမှန် မပြောနိုင်ပါ။

ကျောင်းစဉ်လှည့်၍ ဗဟုသုတရှာကြ၊ ဘုရားဖူးလာကြသော ကိုယ်တော်တစ်စု ကုရဏ္ဍကလိုဏ်ရှိ တောထွက်ခန်းပန်းချီများကို ဖူးမြော်ရင်း ဝမ်းပန်းတသာ ပြောဆို နေကြသည်။

"ဟုတ်တာပေါ့ ကိုယ်တော်။ ကြည့်ပါလား။ နည်းနည်းတော့ မှိန်တာပေါ့။ ဒါပေမယ့် သိသာပါတယ်။ ပြာသာဒ်ကြီး မြင်တယ် မဟုတ်လား။ အဲဒါ ကဿပဘုရား တောထွက်ခန်းပေါ့။"

"ဟုတ်ပါ့ ကိုယ်တော်။ ဟိုအစဆုံးက မြင်းကတဲ့ ရထားနဲ့အရုပ်ဟာ ဝိပဿီ ဘုရား တောထွက်ခန်းပေါ့။"

"ဟိုမှာ ဟိုမှာ ဆင်စီးထွက်တော်မူတဲ့ ပန်းချီ ၂ ခုတွေ့တယ်။ နေဦး နေဦး၊ အဲဒါတစ်ခုက သိခီဘုရား တောထွက်ခန်း။ နောက်တစ်ခုက အဲ-ကောဏာဂုံဘုရား တောထွက်ခန်း"

ဤသို့လျှင် အလျဉ်းသင့်သလို ပြောဆိုကြပြီးလျှင်-

၁- မြင်းက ရထားစီးသော ဝိပဿီဘုရားလောင်း တောထွက်ခန်း။

၂- ဆင်စီးသော သိခီဘုရားလောင်း။

၃- ရွှေထမ်းစင်စီးသော ဝေဿဘူဘုရားလောင်း။

၄- မြင်းက ရထားစီးသော ကကုသန်ဘုရားလောင်း။

၅- ဆင်းစီးသော ကောဏာဂုံဘုရားလောင်း။

၆- ပြာသာဒ်စီးသော ကဿပဘုရားလောင်း။

mgyoe.com

၇- မြင်းစီးသော ဂေါတမဘုရားလောင်း တောထွက်ခန်းများကို လှေ့လာကြည့်ရှုပြီးနောက် အာဂန္တုက ဝတ္တရားအရ လိုဏ်တွင်းနေ စိတ္တဂုတ္တ မထေရ်ထံ ချဉ်းကပ်၍-

“အရှင်ဘုရား။ ဒီလိုဏ်ဂူကြီးမှာ ရေးထားတဲ့ ဘုရား ၇-ဆူ တောထွက်ခန်းကတော့ အင်မတန်ကြည်ညိုစရာ ကောင်းတာပဲဘုရား။”ဟု လျှောက်ထားကြလေ၏။

စိတ္တဂုတ္တမထေရ်ကြီးက ခပ်အေးအေးလေသံဖြင့် ဤသို့မိန့်တော်မူ၏။

**“အေး၊ တို့များ ဒီလိုဏ်ဂူကြီးထဲမှာနေခဲ့တာ နှစ်ပေါင်း ၆၀ ကျော် ရှိပါပြီ။ ဒီပန်းချီဆေးရေးတွေ ရှိမှန်း-မရှိမှန်း မသိပါဘူး။ အေး-ဒီနေ့ မျက်စိရှင်တဲ့ အရှင်ဘုရားများ အကြောင်းပြုပြီး သိရပေတယ်။”**

မထေရ်မြတ်ကြီးသည် ဤမျှနှစ်ပေါင်း ၆၀-ကျော် ကာလတောင်တာ အဓွန့်ရှည်စွာ ဤလိုဏ်ဂူကြီးမှာ နေခဲ့သော်လည်း မျက်လွှာပင့်၍၊ မျက်လုံးဝင့်၍ လိုဏ်ဂူ အပေါ်ပိုင်းဆီ မော့်မကြည့်ခဲ့ဖူးပေ။

လိုဏ်ဂူအထွက်ဝတွင် ကံ့ကော်ပင်ကြီး ရှိ၏။ မထေရ်မြတ်ကြီးသည် ထိုကံ့ကော်ပင်ကြီးကိုလည်း မော်၍ မကြည့်ခဲ့ဖူးပေ။ နှစ်စဉ်နှစ်တိုင်း ကံ့ကော်ဝတ်ဆံများ မြေပေါ်ကြွေကျမှ ‘သြော်-ကံ့ကော်ပန်းတွေ ပန်းကြပြီကိုး’-ဟု သာမန်မှတ်လိုက်၏။

၂

မဟာဂါမကိုစိုးအုပ်မင်းလုပ်နေသော မင်းတရားကြီးသည် အရှင်စိတ္တဂုတ္တ မထေရ်မြတ်၏ ဂုဏ်သတင်းကို ကြားရသော အခါ (တောထဲတောင်ထဲအထိ မင်းကြီး ကိုယ်တိုင်သွားရန် အကြောင်းကြောင်းကြောင့် မလွယ်ကူသဖြင့်) မဟာဂါမနေပြည်တော်သို့ ကြွလာတော်မူပါရန် တစ်ကြိမ် ပင့်သည်၊ မကြွ။ နောက်တစ်ကြိမ် ပင့်သည်၊ မကြွ။

မင်းတရားကြီးသည် အရှင်စိတ္တဂုတ္တ ကဲ့သို့သော ရိုးသားငြိမ်သက်သည့် ပုဂ္ဂိုလ်ကို ရှိခိုးချင်သည်မှာ ‘သဘာဝကျလှသည်၊ လိမ္မာလှသည်’ ဟု ဆိုစရာပင် ဖြစ်သည်။

တည်ခြင်း ၅ ပါးဖြင့် ခြေဖဝါးကို ပွတ်သပ်ဆုပ်ကိုင်လျက် ရှိခိုးချင်သည်။ ထို့ကြောင့် နန်းတော်သို့ ပင့်သည်။ ၃ ကြိမ်တိုင် ပင့်သော်လည်း အရှင်မြတ်ကြီးက ကြွမလာ။

mgyoe.com

mgyoe.com SAMPLE BOOK

ရော-ခက်ကပြီ။ ဘယ်လို ကြဲရပ့်။ အင်း-အကြဲရပြီ။ 'လိုလျှင်ကြဲဆ နည်းလမ်းရပြီ။

ထိုမဟာဂါမရှိ နို့စို့အရွယ် ကလေးငယ်ရှိသော သားသည်အမေများကို စာရင်းအတိအကျကောက်၍၊ ထိုသားသည်အမေများ၏ သားမြတ်များကို တင်းကျပ်စွာ စည်းနှောင်၍ မည်သူမျှ မဖြုတ်နိုင်အောင် ချိပ်ပိတ်ထားလိုက်သည်။ ထို့နောက် အမိန့်တော်မြတ် မှတ်သည်။

'မဟာဂါမသို့ အရှင်မြတ်ကြီး ကြွမလာမချင်း သားသည်အမေများ၏ သားမြတ်များတွင် စည်းနှောင်၍ ချိတ်ပိတ်ထားသည်များကို မည်သူမျှ မဖြုတ်ရ။'

အရပ်ထဲတွင် နို့စို့ကလေးများ နို့မစို့ရ၍ ငိုကြအော်ကြ ပွက်ပွက်ရိုက်။ အမေအဖေတွေ, အဘိုး-အဘွားတွေ, အရပ်သူအရပ်သားတွေ ဘာလုပ်ရမှန်းမသိ၊ တောင်ပြေးမြောက်ပြေး ကြဲမိကြဲရာ ကြဲကြ။ ဒုက္ခလှလှ ရောက်နေကြပြီ။

ထိုအခြေအနေသို့ တိုင်ရောက်မှ မထေရ်မြတ်ကြီးသည် နို့စို့ကလေးငယ်များအား သနားသဖြင့် မဟာဂါမသို့ အချိန်အတန်ငယ်လင့်ပြီးမှ ရောက်လာ၏။

မင်းကြီးသည် 'အရှင်မြတ် ကြွတော်မူလာပြီ။'ဟု ကြားရသောအခါ-

''မောင်မင်းတို့- အရှင်မြတ်ကြီး ကြွတော်မူလာပြီ။ သွားပင့်ချေကြ။ နန်းတော်တွင်းသို့ ပင့်ခဲ့ကြ။ အချိန်မီရင် သီလ(၈ ပါးသီလ)ပါ ယူကြရအောင်။''-ဟု မိန့်တော်မူပြီးနောက် အရှင်မြတ်ကြီးအား နန်းတော်သို့ပင့်၊ တဝကြီးရှိခိုး၊ ဆွမ်းလုပ်ကျွေး။

''အရှင်ဘုရား၊ ဒီနေ့တော့ အချိန် မရှိတော့ပါဘုရား။ နက်ဖြန်တော့ တပည့်တော် ဥပုသ်သီလ ယူပါ့မယ်ဘုရား။''-လျှောက်၍၊ မထေရ်မြတ်ကြီး၏ သပိတ်ကို မင်းကြီးကိုယ်တိုင်ပွေ့။ အတန်ငယ်လှမ်းသော နေရာသို့အထိ မိဖုရားကြီးပါ လိုက်သွားပြီး ရှိခိုးဝပ်ချ၍ မင်းကြီး ပြန်ခဲ့သည်။

မင်းကြီး ရှိခိုးသောအခါလည်း အရှင်မြတ်ကြီးက ''မင်းကြီး ချမ်းသာစေ။'' ဟု ဆို၏။

မိဖုရားကြီး ရှိခိုးသောအခါ၌လည်း- ''မင်းကြီး ချမ်းသာစေ။''ဟု ဆို၏။

mgyoe.com

၇-ရက်ဆက်၍ နန်းတော်သို့ပင့်။ ဤနည်းအတိုင်းပင် ၇ ရက်လုံး မင်းကြီး ရှိခိုးလျှင်လည်း 'မင်းကြီး ချမ်းသာစေ။' မိဖုရားကြီး ရှိခိုးလျှင်လည်း 'မင်းကြီးချမ်းသာစေ။'ဟုချည်း ဆိုမြဲနေရာ၊ ရဟန်းတော်ငယ်များက

''အရှင်မြတ်ကြီးဘုရား၊ မင်းကြီးရှိခိုးလျှင်လည်း 'မင်းကြီး ချမ်းသာစေ။' မိဖုရားကြီးရှိခိုးလျှင်လည်း 'မင်းကြီး ချမ်းသာစေ။' အရှင်မြတ်ကြီး ဘယ်လိုလုပ်နေတာလဲ ဘုရား။'' လျှောက်ထားရာ၊ ''ငါ့ရှင်တို့၊ ငါကား 'မင်းကြီး'ဟူ၍ လည်းကောင်း၊ 'မိဖုရားကြီး'ဟူ၍လည်းကောင်း ပိုင်းခြားမှတ်သားခြင်းမပြု။'-ဟု မထေရ်မြတ် မိန့်တော်မူသတည်း။

၇ ရက်လွန်သောအခါ၊ ''နန်းတော်အိမ်တော်လောကမှာ မထေရ်မြတ်ကြီး လိုက်လျောနေထိုင်တော်မူရခြင်းသည် ဆင်းရဲကျဉ်းကျပ်တော် မူပေလိမ့်မည်။ သီတင်းသုံးမြဲနေရာ ပြန်ကြွတော်မူပါတော့ဘုရား။''ဟု မင်းကြီး လျှောက်ထားသောအခါ ကုရုဏ္ဍက မဟာလေဏသို့ ပြန်ကြွတော်မူလေ၏။

ညဥ့်အချိန်တိုင် ရောက်သောအခါ အရှင်မြတ်ကြီး စင်္ကြံရှိရာ ကြွတော်မူ၍ ကမ္မဋ္ဌာန်းစီးဖြန်းတော်မူ၏။ ကံ့ကော်ပင်စောင့်နတ် မီးရှူးမီးတုတ်ကိုင်၍ ရပ်နေ၏။ အရှင်မြတ်ကြီး၏ ကမ္မဋ္ဌာန်းအာရုံ အလွန်စင်စင်ကြယ်ကြယ် ထင်ထင်ရှားရှား ဖြစ်နေ၏။ 'ဒီနေ့ ကမ္မဋ္ဌာန်းအာရုံထင်ပုံ ကောင်းလှပါတကား။'ဟု အားရလျက် တရားဆက်သောအခါ၊ သန်းခေါင်ယံ အခြားမဲ့၌လျှင် တောင်အလုံးကို (သာစုသံ) ပွဲတင်ထပ်စေလျက် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

စိတ္တဂုတ္တမထေရ်မြတ်ကြီးသည် လှိုင်းမထသော ရေပြင်အလား ငြိမ်သက်၍ သန္တိသုခဖြင့် ချမ်းသာတော်မူပေစွ။

ကျမ်းကိုး
၁- ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ
၂- ၄င်း နိဿယ
၃- The Path of Purification
၄- The Early History of Ceylon (Mendis, B.A., Ph.D.)
၅- ဗုဒ္ဓဝံသ အဋ္ဌကထာ

အတွေးအမြင်။ ၁၉၈၆- ဇန်နဝါရီ။

mgyoe.com

mgyoe.com SAMPLE BOOK 

# မိမိနှင့် သူတစ်ပါး

ရောပထ၊ နာဂရာဇာ၊ စောင့်ရှောက်ပါသောကြောင့် 'ရောဝတီ'မည်သော မြစ်၏ အနောက်ဘက်ကို သုနာပရန္တ။ မြစ်၏အရှေ့ဘက်ကို တမ္ပဒီပ။ တွင်ထသမိုင်း တိုင်းနှစ်တိုင်းတို့၏ အတွင်းဝယ်၊ မင်းစဉ်မင်းရိုး မင်းမျိုးများစွာ နှယ်ဝံသာကို ပြဆိုရာပြဆိုကြောင်းဖြစ်သော ရာဇဝင်ကြီး, ရာဇဝင်လတ်, ရာဇဝင်ချုပ်စာ၊ မပါကျန်လပ်၊ ရာဇဝင်ကျပ်၊ မှတ်အပ်စွာဘိ၊ ဣသိပုတ္တ၊ မည်ရတွင်ခြင်း၊ ထိုသည်မင်းလျှင်၊ ပျော်ခင်းသာစွ၊ ဌာနရပ်ခွင်၊ မြေအပြင်ဝယ်၊ စန္ဒလက်ာရ၊ မြို့မခိုင်ကျည်၊ နန်းသစ်တည်၍၊ ပင်စည်ရန်မြစ်၊ တူးဖြိုပစ်ရှင့်။ တွက်စစ်မှန်လှ၊ ထိုမင်းကလျှင်၊ ရှစ်ရာ့ငါးဆယ်၊ စံပယ်စံစား၊ ကာလလျားသော်၊ ငါးလုံးအက္ခရ၊ မြို့နာမတွင်၊ စန္ဒဦဝယ်၊ နငယ်နှင့်ဒ၊ ကာရချောဘိ၊ နိရုတ္တိသဒ္ဒါ၊ ဆန်းကြယ်စွာဖြင့်၊ သာယာချိုလွင်၊ မြန်ခွင်ထုတ်ချင်း၊ ခေါ်ကြလျှင်းသား၊ စလင်းမြို့နယ်၊ တောင်ခပ်ဆွယ်၌၊ ပျော်စဖွယ်တောင်း၊ ဥမင်ကျောင်းနှင့်၊ တန်ဆောင်းပြာသာဒ်၊ မွေဓာတ်သရီ၊ စေတီဂူလိုဏ်၊ မုတ်မြိုင်ဝှံဝှံ၊ တိမ်ထဲထိနိုး၊ ပုထိုးဘုရား၊ လွှန်ထင်ရှားလျက်၊

စံကား, အနန်း၊ အိမ်ဒန်း, ဆိတ်ဖလူး၊ စန္ဒကူးနီ၊ ကတ္တရိ ကတ္တရာ၊ ဆတ်သဝါ, မိုးဆွေ၊ သင်းခွေ, ရင်ကပ်၊ တောင်ဇလပ်, စွယ်တော်၊ ကံ့ကော် ဖို,မ၊ မိုးမခနှင့်၊ မြလွှပရဝါ၊ တောင်နံ့သာ, ဦးဆောက်ပန်း၊ ကတတ်, ငန်းပင်၊ ငပြေရှင်က၊ ငစိုင်ရှင်, တောစပယ်၊ ပင်လယ်ပင်မြင့်၊ ဆင့်ဆင့်စိပ်စုံ၊ ရဂုံဟေမာ၊ တောခန်းဝါသို့၊ ရိုးညှာနှာမောင်း၊ မတင့်တောင်းတည့်၊

စားကောင်းရာရာ၊ သစ်သီးမှာလည်း၊ မာလကာ, တလည်း၊ မန်ကျည်း, နှဲ့၊ ပိန္နဲ, သမ္ဗရာ၊ ကမ္ဗလာ, ဆီး(ဇီး)၊ သီးပင်, သပြေ၊ ရေသဖန်း, မင်းပေါ၊ ကျွဲကော, မရန်းချို၊ သစ်ချို, ကနစိုး၊ သရက်မျိုး ဆယ့်ငါး၊ သဖန်းခါးနှင့်၊ သျှိသွား, ဥသျှစ်၊

စပျစ်, ဩဇာ၊ ရှောက်ငါးဖြာက၊ နာနတ် ပင်စည်၊ ဆယ့်နှစ်မည် ငှက်ပျော၊ ကြံတော, အုန်း, ထန်း၊ ကွမ်းပန်း, ကွမ်းသီး၊ ဆီးဖြူ, လက်ခုပ်၊ ရှက်အုပ်, ရှက်စည်၊ ဥယျာဉ်ခြံမြေ။

ပင်ခြေမြေစပ်၊ ကြွင်းမလပ်အောင်၊ ချပ်၍စိုက်ပျိုး၊ ပန်းမျိုးတို့မှာ၊ ဇီသဝါက၊ ဂန္ဓမာသုံးလီ၊ နှင်းဆီလေးချက်၊ ဒန့်ဒလက်ငါးထွေ၊ ရွှေငွေနှင်းပန်း၊ ပန်းသုန်းပန်းနှင့်၊ သစ္စာပန်းရွှန်းစို၊ ပန်းညိုနှစ်မျိုး၊ ထုံခိုး ပစ္စည်းရွက်၊ ညွန့်ခက် ဆန္ဒင်းစာ၊ မွှေးစွာ ဒေါင့်တလိပ်၊ ရွက်စိပ် စူကာ၊ ခွာညိုစမွယ်၊ မြတ်လေးနွယ်, မုလေးကြီး၊ ပန်းသီးပန်းငုံ၊ ဝတ်မှုန်လှိုင်လှိုင်၊ မွှေးကြိုင်ရွှင်းရွှင်း၊ ရနံ့သင်းလျက်၊

လေညင်းသုတ်ဖြူး၊ ပျော်ဖွယ်ထူးမျှ၊ မြူးကြရွှင်ပျော်၊ ငှက်တို့သော်ကား၊ ငှက်တော်ဥချိုး၊ ငါးမျိုးကျေးပေါင်း၊ ဥဒေါင်း, ဇရက်၊ ကြက်လင်းမြီးဆွဲ၊ ပျံဝဲသာရကာ၊ ပီစွာ ဥသြ၊ သံစုံနှောလျက်၊ တင့်မောစွလှ။

တောင်ရိုးမမှ၊ စီးကျသွင်သွင်၊ ရေရှင်ပြင်းထန်၊ ကျည်တောက်သွန်ဖြင့်၊ သံဝှန်ရိုက်ချောင်း၊ ဆောင်းလည်းဖြိုးဖြိုး၊ မိုးလည်းတွေတွေ၊ နွေလည်းပြွင်းပြွင်း၊ ရေဆင်းဝဲရစ်၊ မုံးမြစ်မြောက်ဘက်၊ ကမ်းငူထက်၌၊ ကြက်ပျံမကျ၊ စည်လှရွာကြီး၊ ဖြိုးဖြိုးခိုင်ကျန်း၊ သမန်းရင်းတွင်၊ ဖွားမြော်မြင်သော အသျှင်နန်းမတော် ဘုရားဝန်၊ မိုင်းခိုင်းမြို့စား ပိဋကတ်တော် အုပ်မင်းကြားရောက်လိုက်သည်။

စန္ဒလင်္ကာရ၊ မြို့နာမတွင်၊ စန္ဒဉဝယ်၊ နငယ်နှင့်ဒ၊ ဆုံးကာရကို၊ ကျေကြစေဘိ၊ နိရုတ္တိဖြင့်၊ ခုပြီတိုင်အောင်၊ မြန်ဘောင်ကျော်ခြင်း၊ မြို့စလင်းနှင့်၊ ကျပင်းမည်ခံ၊ နှစ်နိုင်ငံကို၊ အရံပိုင်းချုပ်၊ စိုးအုပ်စီရင်ရသော သံတော်ဆင့်နေမျိုး သီဟသူ။

လူကိုစိုးရ၊ နရိန္ဒရာဇေ၊ ပသေနဒီကောသလ၊ ဥဒါနထင်ပေါ်၊ ပါဠိတော်ကျမ်း၊ မိန့်တမ်းထွေလာ၊ လာသည်မှာကား-

'သဗ္ဗာဒိသာ နုပ္ပရိကမ္မ စေတသာ
နေဝဇ္ဈာဂါ ပိယတရတ္တနာ ကွစိ
ဧဝံပိယော ပုထု အတ္တာ ပရေသံ
တသ္မာ နဟိံသေ ပရ မတ္တ ကာမော'

'သဗ္ဗာဒိသာ၊ အလုံးစုံအရပ် ၁၀ မျက်နှာတို့သို့။ စေတသာ၊ စိတ်ဖြင့်။ အနုပ္ပရိကမ္မ၊ အစဉ်အတိုင်း လှည့်လည်၍။ (ပရိယေသန္တော၊ ရှာသောသူသည်။) ကွစိ၊

mgyoe.com

တစ်စုံတစ်ခုသောအရပ်၌။ အတ္တနာ၊ မိမိထက်။ ပိယတရံ၊ အထူးသဖြင့် ချစ်အပ်သော သူကို။ နေဝဇ္ဈဂါ၊ မရရာသည်သာတည်း။ ဧဝံ၊ ဤသို့ရပ်ရွာ၊ လှည့်လည်ရှာလျက်၊ ကိုယ့်ထက်ချစ်သူ၊ တလူကိုမျှ၊ မရနိုင်အောင်။ ပုထု၊ အသီးအသီး။ သေံ၊ ထိုသတ္တဝါ တို့သည်။ ပရံ၊ လွန်စွာ။ အတ္တာ၊ ကိုယ်ကို။ ပိယော၊ ချစ်အပ်၏။ တသ္မာ၊ ထိုကြောင့်။ အတ္တကောမော၊ မိမိစီးပွားချမ်းသာကို အလိုရှိသောသူသည်။ ပရံ၊ သူတစ်ပါးကို။ နဟိံသေ၊ မညှဉ်းဆဲရာ။'

ပါဠိတော်မြွတ်၊ ပါဠ်နက်ဓိပ္ပာယ်၊ မှတ်သားဖွယ်မှာ၊ ဆယ်မည်အရပ်၊ ကုန်နှံ့စပ် အောင်၊ ချစ်အပ်ကိုယ်ထက်၊ နှစ်သက်အပ်သူ၊ ရှာဖွေမူလည်း၊ လူတစ်ယောက်မျှ၊ မရမထင်၊ မွေမမြင်ခဲ့။ သို့လျှင်များစွာ၊ အရွာရွာကို၊ ခြေရာချင်းထပ်၊ မရပ်မနား၊ လှည့်သွားမြေပြင်၊ ရှာတုံကျင်လည်း၊ ကိုယ့်ပြင်ချစ်ကြူး၊ လူတစ်ဦးမျှ၊ စူးစူးရှေ့တွင်၊ တွေ့မမြင်တည့်။

အကြင်ပုဂ္ဂိုလ်၊ လူထိုထိုတို့၊ ကိုယ်ကိုလွန်စွာ၊ ချစ်ရာမှန်မြို့၊ ထို့ကြောင့်ရကား၊ **စီးပွားချမ်းသာ၊ ဥစ္စာခမ်းနား၊ များပြားဆောက်ဦ၊ လိုရှိသူသည်၊ ပူဆောင့်ပန်းပင်၊ ငြိုငြင်ညစ်ကျူ၊ မပြုသူအား၊ သနားကရုဏာ၊ ပြဋ္ဌာန်းရာ၏။ ။**

ဒေသနာမိန့်ခွန်း၊ ကျမ်းအညွှန်းနှင့်၊ မယွန်းမယိမ်း၊ ဉာဏ်စားထိန်း၍၊ ခပ်သိမ်း သသူ၊ မြို့ရွာလူကို၊ ရေတူချမ်းကြည်၊ အေးကြောင်းရည်လျက်၊ စည်စည်ပင်ပင်၊ ဝန်းကျင် ကြေညာ၊ သာယာစေမှု၊ လုံ့လပြုမှ၊ ကြက်ဥမွှေးတပ်၊ တိမ်ချပ်သဖွယ်၊ မင်းရေးကျယ်ကို၊ လွှဲဖယ်မသုန်၊ ခန့်တိုင်းကုန်အောင်၊ ဂုဏ်တံခွန်စိုက်၊ ဝှဲဝှဲဝိုက်လော့။ ။

မကိုဋ်ဥက္ကဋ္ဌ၊ သုံးလောကဦးသျှောင်၊ ခြောက်ရောင်လျှံဖြာ၊ အနာဝရဏ၊ သမန္တစက္ခု၊ သဗ္ဗညုမြတ်ဘုန်းရှိသည် အဟိံဟနန၊ ဥဒါနနှင့်၊ ဓမ္မပဒ သမ္မဟုလကုမာရက ဝတ္ထု၌-

'သုခ ကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ မေသာနော၊ ပစ္စသော နလဘေ သုခံ။ ။
သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန နဟိံသတိ။
အတ္တနော သုခ မေသာနော၊ ပစ္စ သော လဘတေ သုခံ။ ။

'အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာသော။ ယော၊ အကြင် သူသည်။ သုခကာမာနိ၊ ချမ်းသာကို အလိုရှိကုန်သော။ ဘူတာနိ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ ဇက်စသည်ကို ချုပ်ချယ်သော ဝစီဒဏ်-လှင်ကန် စသည်ဖြင့် ပုတ်ခတ်ခြင်း

သရီရဒဏ်-အရာအထောင်ရှုံးစေခြင်း ဥစ္စာဒဏ်ဖြင့်။ ဝိဟိံသတိ၊ ညှဉ်းဆဲ၏။ သော၊ ထိုသူတစ်ပါးကို ကိုယ်,နှုတ်,ဥစ္စာဒဏ်ထားကာ ညှဉ်းဆဲသောသူသည်။ ပစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ကိုယ်စိတ်ချမ်းသာကို။ နလဘေ၊ မရရာ။

'အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာသော။ ယော၊ အကြင်သူသည်။ သုခကာမာနိ၊ ချမ်းသာကို အလိုရှိကုန်သော။ ဘူတာနိ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ ကိုယ်,နှုတ်,ဥစ္စာ ဒဏ်သုံးဖြာဖြင့်။ နဟိံသတိ၊ မညှဉ်းဆဲ။ သော၊ ထိုသူတစ်ပါးကို ကိုယ်,နှုတ်,ဥစ္စာ ဒဏ်သုံးဖြာဖြင့် မညှဉ်းဆဲသောသူသည်။ ပစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ လူ, နတ်, နိဗ္ဗာန်ချမ်းသာကို။ လဘတေ၊ ရ၏။'

မြတ်လှတုံဘိ၊ ပါဠိမုဒ္ဒြာန်၊ သည်နှစ်တန်ဝယ်၊ မှတ်ရန်မှန်လှ၊ စကားကျမှု၊ ကာယစိတ္တ၊ သုခနှစ်ထွေ၊ လိုလေမှန်ငြား၊ ကြင်ယောကျ်ားသည်၊ များပြားလှစွာ၊ သတ္တဝါကို၊ ဝါစာဒဏ္ဍ၊ သရီရဒဏ္ဍာ၊ ဥစ္စာဒေဏ္ဍ၊ ဤသုံးထွေဖြင့်၊ မထေမဲ့မြင်၊ မကြင်မနာ၊ ပြင်းစွာရိုက်ပုတ်၊ ဥစ္စာကြေးငွေ၊ ကုန်စေသဖြင့်၊ ကိုယ်ကျင့်မှောက်မှား၊ တရားကင်းလေ၊ ခန္ဓာကြွေသော်၊ နှစ်ထွေချမ်းသာ၊ ရရာမမြင်။

ထို့ပြင် မြောက်မြား၊ လူအများကို၊ စကားနှိပ်စက်၊ ရိုက်နှက်ဝါးတုတ်၊ ဆုတ်ယုတ်ဥစ္စာ၊ ဒဏ်သုံးဖြာဖြင့်၊ နာအောင်ထောင်းထု၊ မပြုသိမ်မွေ့၊ မမေ့ကုသိုလ်၊ ထိုသူကား၊ ဘဝလားသော်၊ သုံးပါးချမ်းသာ၊ ရရာအကြောင်း၊ သူတော်ကောင်းဟု၊ ဂုဏ်ပေါင်းလှိုင်ကျော်၊ တုမမြော်သား၊ ရှင်တော်ဘုရား၊ ဟောစကားကို၊ ပိုက်ထားနှလုံး၊ မှတ်ယူကျုံးလျက်၊ ထုံးနည်းထူးငြမ်း၊ မှီရာလမ်းဟု၊ စာတမ်းတင်လောက်၊ စံပြမြောက်အောင်၊ စောင့်ရှောက်စိုးချုပ်၊ ထိန်းအုပ် စီရင်ရမည့်အကြောင်းကို ကြားရောက်လိုက်သည်။

သက္ကရာဇ် ၁၂၃၅ ခု ဝါခေါင်လဆန်း ၅-ရက်နေ့။ ကျောက်ရုံတော်တွင် စီကုံးရေးသားသည့် အဋ္ဌမပေး မေတ္တာစာ ပြီး၏။

မိုင်းခိုင်းအတွင်းဝန်မင်းကြီး သီရိမဟာဇေယသူ (ဦးယံ)သည် သက္ကရာဇ် ၁၁၇၇ ခု (ပဋိလုံ မှ-မှ-နှင့် ဧက် ၂ ခု ကောဇာ)၊ ဝါဆိုလပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့ ညဉ့် ၂ ချက်တီးကျော် လပြည့်ကျော် ၅ ရက် တနင်္လာနေ့အခင် စလင်းမြို့တော်လက် သမန်းရင်း (သမရင်း)ရွာတွင် အဖဦးကျော်စံအိ, အမိမယ်လုံလေးတို့မှ ဖွားမြင်သည်။ ။၁၂၅၃-ခု၊ ဝါခေါင်လပြည့်ကျော် ၂-ရက် သောကြာနေ့။ အသက် ၇၆ နှစ်တွင် ကွယ်လွန်သည်။

အတွေးအမြင်။ ၁၉၈၆- ဖေဖော်ဝါရီ။

mgyoe.com

mgyoe.com SAMPLE BOOK



# ရှည်လည်း မရှည်နှင့်
# တိုလည်း မတိုနှင့်

၁

ရှေး၌ ဖြစ်ဖူးသည်ကို ဆိုအံ့။

'ဗြဟ္မဒတ်'အမည်ရှိသော 'ကာသိက'မင်း။ ထိုမင်းကား ကြွယ်ဝ၏။ များသော ဥစ္စာ ရှိ၏။ များသော စည်းစိမ်ချမ်းသာ ရှိ၏။ ကြီးသောခွန်အား ရှိ၏။ များသော ဆင်, မြင်း, ဗိုလ်ပါ ရှိ၏။ များသော တိုင်းနိုင်ငံရှိ၏။ ပြည့်သော ကြ,ကျီ ရှိ၏။

'ဒီဃိတိ'အမည်ရှိသော 'ကောသလ'မင်း။ ထိုမင်းကား ဆင်းရဲ၏။ နည်းသော ဥစ္စာရှိ၏။ နည်းသောစည်းစိမ်ချမ်းသာ ရှိ၏။ နည်းသောခွန်အား ရှိ၏။ နည်းသော ဆင်, မြင်း, ဗိုလ်ပါ ရှိ၏။ နည်းသောတိုင်းနိုင်ငံ ရှိ၏။ မပြည့်သော ကြ,ကျီ ရှိ၏။

ဤ၌ ကြ,ကျီ ဘာသာစကားသည် '၄ တင်း၊ ၁ တို့၊ ၄ တို့၊ ၁ ပုတ်၊ ၄ ပုတ်၊ ၁ ကက်၊ ၄ ကက်-၁ ကြ၊ ၄ ကြ-၁ ကျီ'ဟု ဆင့်ဆင့်တက်သော "တို့, ပုတ်, ကက်, ကြ၊ ကျီသို့ကျအောင်၊ ဇယ စဉ်စီ၊ ဆင့်၍ လီလော့။" ဟူသည့် ဂဏန်းလက်ာ လာ အခြင်အတွယ်နှင့် မဆိုင်ပေ။

ဥစ္စာထားရာ တိုက် = ကြ၊
စပါးထားရာ၊ အိမ် = ကျီဟူသည့် အခေါ်နှင့်သာ ဆိုင်ပေသည်။]

အခါတစ်ပါး၌ 'ဗြဟ္မဒတ်' အမည်ရှိသော ကာသိကမင်းသည် စစ်အင်္ဂါ ၄-ပါး ခင်းကျင်း၍ ဒီဃိတိ ကောသလမင်းနိုင်ငံသို့ ရှေးရှုထွက်လာလေ၏။

mgyoe.com

ဒီဃိတိကောသလမင်းသည် 'ဗြဟ္မဒတ်မင်း' စစ်အင်္ဂါ ၄ ပါး ခင်းကျင်း၍ သူ့နိုင်ငံသို့ ရှေးရှုထွက်ရှိလာပြီ။'-ဟူသော သတင်းကို ကြားရလေ၏။ ဒီဃိတိကော သလမင်း စဉ်းစားမိ၏။

'ဗြဟ္မဒတ်မင်းကား အဘက်ဘက်ကပင် အင်အားကြီးမားလှသည်။ ငါသော် ကား အဘက်ဘက်ကပင် အင်အား သေးငယ်ပေသည်။ ငါသည် ဗြဟ္မဒတ်မင်း တစ် ကြိမ်မျှ ပစ်ခတ်ခြင်းကိုပင် ခုခံနိုင်စွမ်းမည် မဟုတ်၊ ကြိုကြိုတင်တင် ထွက်ပြေးရသော် ကောင်းမည်။' အကြံရ၍ မိဖုရားကြီးခေါ်ကာ ဒီဃိတိ ကောသလမင်း မြို့မှထွက်ပြေး လေ၏။

အထက်ပါ အကြောင်းအရာများသည် ဝိနည်းမဟာဝါ ကောသမ္ဗက ခန္ဓက ပါဠိတော်ကြီးမှ တိုက်ရိုက်ပြန်ဆိုထားသော ဘာသာပြန် စကားစု ဖြစ်သည်။

သို့သော် ဤအထိ ဘာသာပြန်ပြီးသောအခါ ဘာသာပြန်လက်စ စာ ၂ ရွက်- ၃ ရွက်ကို ကျွန်တော် ပစ်ချလိုက်သည်။ စိတ်ပျက်သွားသည်။ သူရဲဘောကြောင် သော ဒီဃိတိကောလမင်း၏ စိတ်ပျက်လက်လျှော့ ထွက်ပြေးသော ဇာတ်လမ်းကို ကျွန်တော့်စာဖတ်ပရိသတ်များအား မတင်ပြချင်။ ကျွန်တော့်စာဖတ်ပရိသတ်အား 'အရေး'ဆိုလျှင် ထွက်ပြေးတတ်အောင် လမ်းပြနေသလိုများ ဖြစ်နေမလား။ ကျွန်တော် စိုးရိမ်မိသည်။

ဒီလိုနှင့် ပြန်ဆိုလက်စ စာ ၂ ရွက်-၃ ရွက်ကို ပစ်ချထားလိုက်သည်။

၂

နောက် တော်တော်ကြီးကို ကြာမှ ကျွန်တော် သတိပြန်ရလာသည်။

"နေပါဦး။ ဒီအကြောင်းအရာက မင်းလုပ်ကြံတဲ့ ဝတ္ထုကြောင်းလား။"

"မဟုတ်ပါဘူး။"

"ဒီဇာတ်လမ်းက ဒီမှာတင်ဆုံးပြီး၊ 'အရေးရှိရင် ထွက်ပြေးဖို့ပဲ' သင်ခန်းစာ ပေးထားတာလား။"

"မဟုတ်ပါဘူး။"

"'ဘုရားလူ့ဘ၊ မုန္နီလျက်၊
မိန်းမယောက်ျား၊ လူ့စကားဖြင့်၊

SAMPLE BOOK

မကြားစတောင်း၊ မဆိုကောင်းကို၊
အကြောင်းဆောင်သွေး၊ ဆိုတုံသေး၏။'-ဆိုတာကို ကြားဖူးတယ် မဟုတ်လား။"

"ကြားဖူးပါတယ်။"

"ဝိနည်း ကျမ်းဂန်တွေမှာ ပါပါနေတဲ့ ဇာတ်ကြောင်း ဝိနီတဝတ္ထု တွေထဲက ရိုင်းရိုင်းပျပျ အကြောင်းအရာတွေဟာ ဘုန်းကြီးတွေ, လူတွေ, ယောက်ျားတွေ, မိန်းမတွေကို ညစ်ပတ်တတ်အောင်၊ ရိုင်းရိုင်းပျပျ ကျင့်ကြံတတ်အောင် လမ်းပြနေတာလား။"

"မဟုတ်ပါဘူး။"

ဝတ္ထုနိပါတ် ပိဋကတ်တွေမှာ ပါပါနေတဲ့ လူဆိုးလူမိုက်တွေအကြောင်း အရှိအရှိအတိုင်း (အဓမ္မော နိရယံနေတိ၊ ဓမ္မောပါပေတိ) ရေးတာ ဘာသာပြန်တာ ထုတ်ပြတာတွေဟာ လူမိုက်လမ်းပြ လုပ်တာလား။"

"မဟုတ်ပါဘူး။"

"ရာဇဝင်တွေထဲမှာ သူပုန်သူကန်တွေအကြောင်း, အဖျက်သမားတွေအကြောင်း, နန်းတွင်းရေးရှုပ်ထွေးမှုတွေ, ကလိမ်ကျမှုတွေ, ရက်စက်မှုတွေ ထည့်သွင်းရေးခဲ့တာဟာ အဲဒီ မကောင်းဆိုးဝါးလုပ်ငန်းတွေ လုပ်တတ်အောင် လုပ်ချင်အောင် လမ်းပြတာလား။"

"မဟုတ်ပါဘူး။"

ဤသို့ အကြိမ်ကြိမ် အတွေးအခေါ်များကို လှုပ်လှက်ချောက်ချားပြီးမှ မကြောက်တရား ဘာသာပြန်ကို ဆက်လက်ပြန်ဆိုပါသည်။

၃

ကာသိကရာဇ် ဗြဟ္မဒတ်မင်းသည် ဒီဃီတိ ကောသလမင်း၏ စစ်သည်ဗိုလ်ပါ, ဆင်, မြင်း, ရထား, ဗနပုဒ်တိုင်းကား၊ ကြ,ကျိတို့ကို ပိုင်နိုင်အုပ်မိုး၍ အစိုးတရဖြစ်သွားလေ၏။

ဒီဃီတိ ကောသလမင်းသည် မင်းဖုရားကြီးနှင့်အတူ ဗာရာဏသီမြို့တော်ဘက်သို့ ထွက်ခွာခဲ့လေ၏။ တဖြည်းဖြည်း ခရီးဆက်ကြရသည်။ ဒီဃီတိ ကောသလ

mgoe.com

မင်းသည် မိဖုရားနှင့်အတူ ဗာရာဏသီမြို့၏ အစွန်အဖျားကျသောနေရာဝယ် အိုးထိန်းသည်တစ်ဦး၏အိမ်၌ မထင်မရှားအသွင် ပရိဗိုဇ်ရဟန်းအဝတ်ဖြင့် နေလေ၏။

မကြာမီ၊ ဒီဃိတိကောသလမင်းကြီး၏ မိဖုရား၌ ကိုယ်ဝန်စွဲတည်၍ ဤသို့သော ချင်ခြင်းတစ်ခု ဖြစ်ပေါ်လေ၏။ (အရေးထဲမှာ အရာပေါ်တတ်သည်။)

"နေတက်ချိန် စစ်အင်္ဂါ ၄ ပါး အခင်းအကျင်းအပြည့်အစုံကို ကြည့်ချင်သည်။ သန်လျက်ဆေးသောရေကို သောက်ချင်သည်။"

မိဖုရားကြီးသည် ဒီဃိတိ ကောသလမင်းအား ချင်ခြင်းအကြောင်းကို ပြောပြ၏။

"တို့ ခုလို ဒုက္ခရောက်နေတဲ့အချိန်မှာ ရှင်မိဖုရားလိုလားတဲ့ ချင်ခြင်းကို ပြေပျောက်အောင် ဘယ်လိုလုပ် ဆောင်ရွက်ပေးနိုင်ပါ့မလဲ။"

ဤသို့ မင်းကြီးက ပြန်ကြားသောအခါ မိဖုရားကြီးက ပြန်ကြားပြောဆိုပါသည်။

"ချင်ခြင်းပြေအောင် မလုပ်နိုင်ရင်တော့ ကျွန်တော်မ သေရမှာပါပဲ။"

[ချင်ခြင်း၏သဘောကား အလွန်ဆန်းကြယ်သည်။ ပြေပျောက်အောင် မဆောင်ရွက်နိုင်က ကလေး၏ အင်္ဂါခြေလက် ချို့တဲ့ချွတ်ယွင်းတတ်သည် ဟု ဆေးကျမ်းများ၌ ဆို၏။]

ဤကိစ္စတွင် အဆင်တစ်ခု သင့်လာသည်မှာ ဤသို့တည်း။

ကာသိကရာဇ်မင်း၏ ပုရောဟိတ်ပုဏ္ဏားတော်ကြီးသည် ဒီဃိတိကောသလမင်းကြီးနှင့် ရင်းနှီးသောအဆွေခင်ပွန်း ဖြစ်၏။ ဒီဃိတိကောသလမင်းက ပုဏ္ဏားတော်ကြီးအား သူ့မိဖုရားချင်ခြင်းအကြောင်းကို ပြောပြ၏။

'မိဖုရားကြီးကို ကြည့်ဦးမည်' ဆို၍ မိဖုရားကြီး သူ့ထံသို့ ရောက်လာသောအခါ ပုဏ္ဏားတော်ကြီးက မိဖုရားကြီးအား လက်အုပ်ချီလျက် ၃ ကြိမ်ဥဒါန်းကျူး၏–

"အို–အချင်းတို့။ ဝမ်း၌ဖြစ်သောသူငယ်သည် စင်စစ် ကောသလမင်းတည်း။

"အို–အချင်းတို့။ ဝမ်း၌ဖြစ်သော သူငယ်သည် စင်စစ် ကောသလမင်းတည်း။

"အို–အချင်းတို့။ ဝမ်း၌ဖြစ်သော သူငယ်သည် စင်စစ် ကောသလမင်းတည်း။

"မိဖုရားကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလော့။ နေတက်ချိန် စစ်အင်္ဂါ ၄– ပါး အခင်းအကျင်း အပြည့်အစုံကို ကြည့်ရပါလိမ့်မည်။ သန်လျက်ဆေးသောရေကိုလည်း

mgyoe.com

SAMPLE BOOK


သောက်ရပါလိမ့်မည်။''-ဟု ပုဏ္ဏားတော်ကြီးက ဝန်ခံလေ၏။

ထို့နောက် ဗြဟ္မဒတ်မင်းအား ပုဏ္ဏားတော်ကြီးက 'စစ်အင်္ဂါ ၄ ပါး ခင်းကျင်းမှု သန့်လျက်ရေဆေးမှ ပျောက်ပြယ်မည့် နိမိတ်နမက်များ ထွက်ပေါ်နေပါကြောင်း' လျှောက်ထားရာ ဗြဟ္မဒတ်မင်းကလည်း ဆိုင်ရာမင်းချင်းတို့အား အမိန့်တော်မြွက် မှတ်တော်မူသည်-

''အချင်းတို့။ ပုဏ္ဏားတော်ပုရောဟိတ် ပြောဆို မှာထားသောအတိုင်း ခင်းကျင်းပြုလုပ်ကြလော့။''

ဒီဃိတိ ကောသလမင်း၏မိဖုရားသည် နေ့တက်ချိန် စစ်အင်္ဂါ ၄-ပါး အခင်းအကျင်း အပြည့်အစုံကိုလည်း ကြည့်ရသည်။ သန့်လျက်ဆေးသောရေကိုလည်း သောက်ရသည်။

ဒီဃိတိကောသလမင်း၏ မိဖုရားသည် ကိုယ်ဝန်ရင့်မာသောအခါ သားတော်ကလေးကို ဖွားမြင်လေ၏။ သားတော်ကလေးအား 'ဒီဃာဝု' ဟူသောအမည်ကို မှည့်ကြကုန်၏။ (ဒီဃ+အာယု=ဒီဃာယု='မင်းသက်ရှည်' ဆိုလိုလျက် ယ-ကို ဝ-ရေး၍ ဒီဃာဝု ဖြစ်သည်။)

ဒီဃာဝုသတို့သား အရွယ်ရောက်လတ်သော် ဒီဃိတိကောသလမင်းက စဉ်းစားမိ၏။

'ကာသိကရာဇ် ဗြဟ္မဒတ်မင်းသည် တို့ထီးနန်းစည်းစိမ်ကို ယူထား၏။ တကယ်လို့များ တို့အကြောင်း ပေါက်ကြားသွားရင် တို့ ၃ ယောက်စလုံးကို သတ်ပစ်မှာပဲ။ ဒီဃာဝုသတို့သားနဲ့ တို့နဲ့ တကွဲတပြား မြို့ပြင်ပို့ထားရရင် ကောင်းမှာပဲ။' စဉ်းစားပြီးနောက် ဒီဃာဝုသတို့သားကို မြို့ပြင်သို့ ပို့ထားလေ၏။

မြို့ပြင် ပို့ထားစဉ်မှာပင် ဒီဃာဝုသတို့သားသည် အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားလေ့လာလေ၏။

''အို-အချင်းတို့။ ဝမ်း၌ဖြစ်သော သူငယ်သည် စင်စစ် ကောသလမင်းတည်း''

၄

ထိုသို့ ဒီဃာဝုသတို့သားနှင့် မိဘ ၂ ပါး ခွဲခွာနေချိန်မှာပင် မိဘ ၂ ပါးမှာ ဘေးအန္တရာယ်ကြီး ဆိုက်ရောက်လာလေ၏။

mgyoe.com

ဘေးအန္တရာယ်ဆိုသည်မှာ နည်းနည်းနောနောအန္တရာယ် မဟုတ်၊ အသက်အန္တရာယ် ဖြစ်လေသည်။ အကြောင်းပေါ်လာသည်ကား ဤသို့တည်း။

ဒီဃိတိကောသလမင်း ကောင်းစားနေစဉ်က ဒီဃိတိကောသလမင်း၏ ဆေတ္တာသည် ဖြစ်ခဲ့ဖူးသောသူသည် ယခုအချိန် ဗြဟ္မဒတ်မင်းလက်အောက် ရောက်ရှိလာ၍ ထိုဆေတ္တာသည်က တွေ့မြင်သွားသောကြောင့် သတင်းပေးသဖြင့် 'ဒီဃိတိကောသလမင်းနှင့် မိဖုရားကြီး ဗာရာဏသီမြို့အစွန် အိုးထိန်းသည်အိမ်တွင် ရုပ်ဖျက်နေထိုင်ကြောင်း' သိသွားပြီး ဒီဃာဝုမိဘ ၂ ပါးကို ဖမ်းဆီးသွားကြလေ၏။

'မင်း,မိဖုရား ၂ ဦးကို ခိုင်မာသောကြိုးဖြင့် တုပ်နှောင်ရန် လက်ပြန်ကြိုးချည်ရန်၊ သင်တုန်းဖြင့် ဦးခေါင်းကို ပြောင်ပြောင်ရိတ်ရန်၊ ထက်စည်တီးခတ်၍ လမ်းမတိုင်း လမ်းမတိုင်း-လမ်းဆုံတိုင်းလမ်းဆုံတိုင်း လှည့်ပြရန်၊ အလောင်းကို ၄ ပိုင်း ပိုင်းရန်၊ အရပ် ၄ မျက်နှာမှာ ပစ်ရန်' ဗြဟ္မဒတ်မင်း အမိန့်တော်မြွက် မှတ်သည်။ ဗြဟ္မဒတ်မင်းလူများကလည်း ဗြဟ္မဒတ်မင်းအမိန့်အတိုင်း ပြုလုပ်ကြသည်။

ဒီဃိတိကောသလမင်းသည် သေရခါနီးမှာပင် တည်တံ့ခိုင်ခံ့သော နှလုံးရည်ဖြင့် သူ့သားဒီဃာဝုအား ဤသို့မှာနိုင်ခဲ့သည်။

"ချစ်သားသက်စု၊ ဒီဃာဝု။
မင်းပု မောင့်ကို၊ ဘ,မှာ ဆိုအံ့။
ရှည်ကို မရှု၊ တို မရှုနှင့်၊
ရန်ပြုမတုံ့၊ ရန်မလုံ့မှ၊
ရန်ထုံ့ရန်ပိုင်း၊ ရန်တုံ့ဆိုင်း၏။"

"ဒီဃိတိကောသလမင်းကား ရူး၍ မြည်တမ်းလေသလော။ ဤကောသလမင်း၏ 'ဒီဃာဝု'ကား အဘယ်နည်း။ ဤမင်းသည် အဘယ်သူကိုများ ရည်စူး၍ (တို့နားမလည်သော) စကားကို ဆိုပေသနည်း။"-ဟု လူအများက ပြောကြလေသည်။

ကောသလမင်းက ဤသို့ ဆိုလေသည်။

"အချင်းတို့။ ငါကား ရူးနှမ်း၍ မြည်တမ်းနေသည် မဟုတ်။ စင်စစ်သော်ကား အကြင်သူ ပညာရှိ၏။ ထိုသူ သိလတ္တံ့။"

လူသတ်သမားတို့သည် မင်း,မိဖုရား ၂ ပါးအား ရက်စက်စွာ ခုတ်ထစ်သတ်ဖြတ်ပြီးနောက် ပြန်သွားကြလေ၏။ လူသတ်သမားများ ပြန်သွားသောအခါ မင်းမိဖုရား

mgyoe.com

m.g.y.o.e.com SAMPLE BOOK


၂ ပါး၏ ဖရိုဖရဲ ကိုယ်ကောင်အပိုင်းအစများကို အစောင့်များက ဆက်လက်စောင့်နေကြလေ၏။

ထိုအခါကျမှ ဒီဃာဝုသတို့သားသည် အစောင့်များကို အရက်သောက်ဖြစ်အောင် ကြံဖန်၊ အစောင့်များ အရက်သောက်မူးယစ် လဲကျ။ ထိုအခါ သတိမရဖြစ်နေသော အစောင့်များနှင့် မလှမ်းမကမ်းတွင် မိဘ ၂ ပါး၏ အလောင်းကောင် အပိုင်းအစများကို ကောက်ယူ၍ ထင်းပုံထက်တင် မီးသင်္ဂြိုဟ်။ လက်အုပ်ချီလျက် လက်ယာရစ် ၃ ကြိမ်လှည့်ပတ် ပူဇော်လေသည်။

လူငယ်တစ်ယောက် မီးသင်္ဂြိုဟ်နေသည်ကို ပြာသာဒ်ပေါ်က လှမ်းမြင်ရသောအခါ ဗြဟ္မဒတ်မင်းစိတ် နှောင့်နှေးခြင်း ဖြစ်ရလေ၏။

"ဧကန္တတော့ ဧကန္တပဲ။ ဒီ မီးသင်္ဂြိုဟ်တဲ့လူငယ်ဟာ ဒီဃိတိကောသလမင်းရဲ့ အမိအမျိုးထဲက သော်လည်းကောင်း၊ အဘအမျိုးထဲက သော်လည်းကောင်း ဖြစ်လိမ့်မယ်။ ဒါ ငါ့အတွက် တစ်ချိန်ချိန်မှာ ငါ့အတွက် အကျိုးမဲ့ ဖြစ်လာဖို့ပဲ။ ငါ့ကို အချိန်မီ ဘယ်သူမှ ဒီကိစ္စ အကြောင်းမကြားပါကလား။"

မိဘ ၂ ပါးကို မီးသင်္ဂြိုဟ်ပြီးနောက် တောထဲသို့ ခပ်သုတ်သုတ် ဝင်ပြေးသွား၍ အားရပါးရ ငိုပစ်လိုက်သူကား ဒီဃာဝု သတို့သားကလေးပါတည်း။ ဒီဃာဝုသည် မျက်ရည်များကို သုတ်ပြီးနောက် ဗာရာဏသီမြို့တွင်းသို့ ဝင်သွားလေ၏။ ထို့နောက် နန်းတော်အနီး ဆင်တင်းကုပ်ရှိရာသို့ သွား၍၊ 'ဆင်အတတ် သင်လိုပါကြောင်း' ဆင်ဆရာထံ ခွင့်ပန်ပြောကြားလေ၏။

"အချင်းလုလင်။ သင်လိုက သင်လော့။"-ဟု ဆင်ဆရာကြီးက ခွင့်ပြုလေ၏။

ဆင်ဆရာကြီးထံတွင် ဆင်အတတ် သင်ကြားနေစဉ် မိုးလင်းခါနီးအချိန်တွင် ထ၍ ဆင်တင်းကုပ်အတွင်းမှ အသံကောင်းကောင်းနှင့် သီချင်းဆိုခြင်း၊ စောင်းတီးခြင်းကား မနက်တိုင်းပြုမြဲဖြစ်သော ဒီဃာဝုသတို့သား၏ အလေ့အထပေတည်း။

ဗြဟ္မဒတ်မင်းကြီးသည် မနက်စောစော သီချင်းဆိုသံ၊ စောင်းတီးသံကို ကြားကြားနေရ၍ အနီးအနားရှိသူများအား မေးတော်မူ၏။

"အချင်းတို့။ စောင်းတီးပြီး သီချင်း ဆိုဆိုနေတဲ့လူဟာ ဘယ်သူလဲ။"

"အရှင်မင်းကြီး။ ဤမည်သော ဆင်ဆရာ၏တပည့် လူငယ်တစ်ဦးပါ။"

m.g.yoe.com

''အချင်းတို့။ ဒီလိုဆို အဲဒီသူငယ်ကို ငါ့ရှေ့မှောက် အရောက်ခေါ်ဆောင်ကြလော့။''

လူငယ်သည် ရှေ့တော်မှောက် ရောက်သောအခါလည်း ဗြဟ္မဒတ်မင်းကြီး ကြိုက်သွားအောင် ကြိုးစား၍ သီချင်းကိုလည်း ဆို၏၊ စောင်းကိုလည်း တီးပေ၏။

ဗြဟ္မဒတ်မင်းကြီး အမိန့်ရှိတော်မူ၏။

''အချင်းလုလင်။ ငါ့ကို ခစားလော့။''

၅

ဒီဃာဝုသတို့သား မင်းခစား ဖြစ်သွားပြီးနောက် ဝတ္တရား ကျေပွန်လှ၏။

၁- မင်းမနိုးမီ ထ၏။

၂- မင်းအိပ်ပြီးမှ အိပ်၏။

၃- 'ဘာလုပ်ပေးရမည်နည်း' ဟု မေးလေ့ရှိ၏။

၄- မင်း၏အလိုကျ ကျင့်ဆောင်၏။

၅- ချစ်ဖွယ်စကားကို ဆို၏။

ဒီဃာဝု သတို့သားသည် ချစ်စရာကောင်းသော လူငယ်ကလေးတစ်ဦး ဖြစ်၏။

ငယ်ငယ်ရွယ်ရွယ်မှာပင် ပြင်းထန်ကြမ်းကြုတ်လှသော လောကဓံကြီးများ၏ အဖိအစီးကို ခံရရှာ၏။ အဘက်ဘက်က ချို့တဲ့ရှာ၏။ ချို့တဲ့မှုကပင် 'ဆရာကြီးတစ်ဆူ အလား' သူ့အား သင်ကြားပြသနေပေ၏။ ဒီဃာဝု၏ ချို့တဲ့မှုသည် သူ့အား လိမ္မာအောင် ဆုံးမနေ၏။ ယဉ်ကျေးအောင် ဆုံးမနေပေ၏။

မင်းခစားဖြစ်ပြီး များမကြာမီပင် မင်းကြီးက ဒီဃာဝုသတို့သားကို အကျွမ်းဝင်သော အတွင်းတော်နေ (လူရင်း)အရာ၌ ထားလေ၏။

တစ်ခါသ၌ မင်းကြီး ဤသို့မိန့်တော်မူ၏-

''အချင်းလုလင်။ ရထားကို က,ဘိလော့။ သမင်တောသို့ သွားကုန်အံ့။''

''မင်းကြီး။ ရထား က,ပြီးပါပြီ။ သွားချိန်အခွင့် သင့်တော်ပါပြီ။''

မင်းကြီးသည် ဒီဃာဝုသတို့သားမောင်းနှင်သော ရထားကို စီးသည်။

မင်း၏ စစ်သည်တော်တပ်သားများက တစ်လမ်းဖြင့်မောင်းလျှင် ဒီဃာဝု သတို့သားက အခြားတစ်လမ်းဖြင့် မောင်းနှင်လေ၏။ တစ်စတစ်စ မင်းကြီးစီးသော

mgyoe.com

ရထားနှင့် စစ်သည်တော်တို့၏ ရထားများ တကွဲတပြားစီ ဖြစ်သွားကြလေ၏။

ခရီး တော်တော်ကျွံလာပြီ ဖြစ်၍ မင်းကြီး မောပန်းတော် မူလာလေပြီ။ မင်းကြီးက ဒီဃာဝုအား မိန့်တော်မူ၏။

"အချင်းလုလင်။ ရထားချွတ်လော့။ ငါ ပင်ပန်း၏၊ အိပ်ဦးအံ့။"

မင်းကြီးသည် ဒီဃာဝုအပေါ် အလွန်စိတ်ချ ယုံကြည်သည်။ မင်းကြီးသည် ဒီဃာဝု၏ ရင်ခွင်မှာပင် အိပ်ချလိုက်သည်။ 'အင်္ကေနိပန္န ဗာရာဏသိ ရာဇာနံ။'-ပဉ္စကနိပါတ်။ ၃၇၁-ဒီဃိတိ ကောသလ ဇာတကဋ္ဌကထာ။

မင်းကြီး အိပ်ပျော်သွားချိန်တွင် ဒီဃာဝု၏စိတ်ထဲက အကြိတ်အခဲများ ကြွထလာကြ၏။ သူ့ဖခင် သူ့ရှေ့မှာပင် မရှုမလှအသတ်ခံသွားရပုံ ပေါ်လာ၏။

'ကာသိကရာဇ်တိုင်းကို အစိုးရသော ဤဗြဟ္မဒတ်မင်းသည် ငါတို့၏ အကျိုးစီးပွားမဲ့ကို အများကြီးပြုသောသူတည်း။ ဤမင်းသည် ငါ၏မိဘတို့ကိုလည်း သတ်ပစ်၏။ ဤအခါကား ရန်သူကို ကိစ္စတုံး လုပ်ပစ်ဖို့ အခါတည်း။'

ဤသို့တွေး၍ သန်လျက်အိမ်မှ သန်လျက်ကို ချွတ်၏။

ဒီဃာဝုသတို့သားသည် တောထဲတွင် မိမိ၏ရင်ခွင်ပေါ်၌ အိပ်နေသော ဗြဟ္မဒတ်မင်းကို ဦးစွန်း၌ကိုင်၍ 'ယခုအခါ ငါ၏မိဘ ၂ ပါးကို သတ်ခဲ့သောရန်သူကို အပိုင်းပိုင်းဖြစ်အောင် ခုတ်ဖြတ်အံ့။'ဟု သန်လျက်ကို ချီးမြှောက်လိုက်စဉ် သူ့ဖခင် ပေးခဲ့သော ဩဝါဒကို ပြန်လည်သတိရလာလေ၏။ ငါ့ဖခင်က မှာခဲ့သည်။

'ရှည်ကို မရှု၊ တို မရှုနှင့်'တဲ့။ ငါ့ဖခင်က ငါ့အား

'ရန်စ မရှည်စေနှင့်'ဟု မှာခဲ့သည်။

'ချစ်စ မတိုစေနှင့်'ဟုလည်း မှာခဲ့သည်။

ရှည်လည်း မရှည်စေနှင့်၊ တိုလည်း မတိုစေနှင့်။-ဟူသော 'ဖခင့်စကားကို ငါနားထောင်လိုက်နာမည်။'-ဟု ဆုံးဖြတ်ကာ သန်လျက်ကို သန်လျက်အိမ်ထဲသို့ ပြန်သွင်းလိုက်သည်။

ဗြဟ္မဒတ်မင်းကြီးလည်း အိပ်မက်ထဲတွင် ရန်သူက သန်လျက်ကိုင် လိုက်နေသဖြင့် ပြေးလွှားနေရသည်ဟု မြင်မက်ပြီးလျှင် ဂူးဂူးဝါးဝါးနှင့် နိုးလာသည်။

"မင်းကြီး။ အရှင်မင်းကြီးသည် ကျွန်ုပ်၏လက်တွင်းသို့ ကျရောက်နေပြီ။ ထွက်ပြေးလွတ်မြောက်ဖို့လမ်း မရှိပါ။ ကျွန်ုပ်သည် သင်မင်းကြီး နှိပ်စက်ဖျက်ဆီးခဲ့

သဖြင့် အသက်ဆုံးပါးသွားရသည်အထိ နစ်နာခဲ့သော ဒီဃိတိကောသလမင်း၏သား တော် ဒီဃာဝုမင်းသားပါ။ သို့တစေ-မင်းကြီး။ ကျွန်ုပ်သည် သင်မင်းကြီးအပေါ် မိတ် မဖျက်ပါ။ ဖခင်သေခါနီး မှာသွားသောစကားကို နားထောင်မည်။ မင်းကြီးသည် ကျွန်ုပ် ကို သတ်လိုပါက သတ်ပါလော့။''ဟု ဆို၍ မင်းကြီး၏လက်သို့ သန်လျက်ကို ပေး လိုက်လေ၏။

မင်းကြီးကလည်း ''ကျွန်ုပ်လည်း သင်ချစ်သားအပေါ် မိတ်မဖျက်ပါ။''-ဟု ကိုန်ဆိုပြီးနောက် ဒီဃာဝုမင်းသားနှင့် အတူတကွ နေပြည်တော်သို့ပြန်ကာ အမတ်များ ကိုပါ ဇာတ်ကြောင်းပြန်၍ ငြိမ်းချမ်းရေး ဆောင်ရွက်ကြသည်။ မင်းကြီးသည် သမီးတော် ကို ဒီဃာဝုအား ဆောက်နှင်း၍ ကောသလတိုင်းကို ပြန်လည်ပေးအပ်ကာ နှစ်ပြည် တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်လိုက်ကြလေ၏။

ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားတော်ကြီး ကျူးရင့်သော-

'အို-အချင်းတို့။ ဝမ်း၌ဖြစ်သောသူငယ်သည် စင်စစ် ကောသလမင်းတည်း။'- ဟူသော ဥဒါန်းသည်လည်း မလွဲဧကန် အမှန်တကယ် ဖြစ်ပေါ်လာရပေသတည်း။

'ဝေရံ၊ ရန်သူကို။ စိရံ၊ ရှည်စွာ။ မာ အကာသိ၊ မပြုပါလင့်။

'မိတ္တေဟိ၊ အဆွေခင်ပွန်းတို့နှင့်။ ခိပ္ပံ၊ အလျင်တဆော။ မာဘိဇ္ဇတ္ထိ၊ မိတ် မပျက်စေလင့်။'

ဝိနည်းမဟာဝါ ပါဠိတော်နိဿယသစ်။

အတွေးအမြင်။ ၁၉၈၆- မတ်။

mgyoe.com

mgyoe.com SAMPLE BOOK 

# ငါလို ရဟန္တာ မဟုတ်တာ တစ်ခုပါပဲ

၁

ဥရုဝေလာ–သဲစုသဲပုံကြီး။
ဥသျှစ်သီးကြီးများ ပေါသောတော။
'ဥရုဝေလ တောဝမြိုင်ခွင်'

မဟာဗောဓိအရှေ့ဘက်အနီးတွင် နေရဥ္စရာမြစ် ရှိသည်။ နေရဥ္စရာမြစ် အရှေ့ဘက်ကမ်း–ပစ္ဆိမဘဝိက ဘုရားအလောင်းတော် ဒုက္ကရစရိယာ ၆ နှစ် ကျင့်ခဲ့ဖူးသော နေရာ။

၂

ထိုသရော်အခါ ဘုရားမြတ်စွာသည် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့ရာ ဥရုဝေလတောသို့ ဆိုက်ရောက်တော်မူ၏။

ထိုအခါ ဥရုဝေလတော၌ ဆံကျစ်ရသေ့ ၃ ဦး နေကြ၏။

၁– ဥရုဝေလကဿပ။

၂– နဒီကဿပ။

၃– ဂယာကဿပ။

– ဥရုဝေလကဿပကသည် ဆံကျစ်ရသေ့ ၅၀၀ ၏ အကြီးအမှူး ဖြစ်၏။
– နဒီကဿပသည် ဆံကျစ်ရသေ့ ၃၀၀ ၏ အကြီးအမှူး ဖြစ်၏။
– ဂယာကဿပသည် ဆံကျစ်ရသေ့ ၂၀၀ ၏ အကြီးအမှူး ဖြစ်၏။

ရှင်တစ်ထောင်(၁၀၀၀) ဆိုသည်မှာ ထိုရသေ့များပင် ဖြစ်၏။

mgyoe.com